ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် စနေနေ့။ Saturday, 21 March 2026 ၁၂၁၂၈

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို မတ် ၃၀ ရက်တွင် စတင်ကျင်းပမည်



နေပြည်တော် မတ် ၂၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**(ပြည်ထောင်စုလွှတ်တော် နာယက၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**ယနေ့ ဖတ်စရာ**

**ရေကဏ္ဍစုံ ဖွံ့ဖြိုးဖို့ ကျားမတန်းတူ ပါဝင်စို့**

ဆောင်းပါး

စာမျက်နှာ » ၆

**မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာသာမက တရုတ်ငွေကြေး ယွမ်နှင့်လည်း လက်ခံဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၁၂



ကြေးမုံ

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ယုံကြည် ဥပဒေဘောင်အတွင်းလက်တွဲခိုင်မြဲ

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေကြသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် လမ်းဖွင့်ကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်လက်ခံယုံကြည်ပြီး အဆိုပါအဖွဲ့အစည်းအမျိုးမျိုးမှ လမ်းမှားရောက်ခဲ့ကြသည့် လူငယ်လူရွယ်များသည် ဥပဒေဘောင်အတွင်းသို့ တဖွဲဖွဲပြန်လည်ဝင်ရောက်လျက်ရှိသည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများအား ကြည်ဖြူစွာလက်ခံကြိုဆို၍ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ မတ် ၁၉ ရက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိခဲ့ကြသော PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၅၀၆ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်ပြီး မိဘအုပ်ထိန်းသူများရင်ခွင်သို့ ပျော်ရွှင်ချမ်းမြေ့စွာရောက်ရှိခဲ့ကြသည်။

လက်ရှိကာလတွင် တပ်မတော်စစ်ကြောင်းများသည် ဒေသအသီးသီးရှိ PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့်နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် မိဘပြည်သူများက ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိသည်။ ပြည်သူများ၏ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုတို့ကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် အစိုးရ၏လုပ်ငန်းစဉ်များကို နားလည်လက်ခံယုံကြည်လာမှုများနှင့်အတူ ၎င်းတို့အကြမ်းဖက်အဖွဲ့များ၏ မှားယွင်းသောလုပ်ဆောင်မှုများကြောင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် အေးချမ်းစွာနေထိုင်လိုသည့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်သည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံရသူများဖြစ်ကြသည်။ ၎င်းတို့အနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်ကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး မိဘရပ်ထံရောက်ရှိလာကြသည်။

ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ကြိုဆိုလက်ခံ၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးကာ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိသည်။ ကျန်ရှိနေသူများတွင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိသည်။

အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအနေဖြင့် တော်လှန်ရေးဟု အကြောင်းပြပြီး တိုင်းပြည်နှင့်လူမျိုးကို ဖျက်ဆီးလာခဲ့သည်မှာ ငါးနှစ်တာကာလရှိပြီဖြစ်သည်။ အကြမ်းဖက်အဖွဲ့များ၏ ရက်စက်ယုတ်မာမှုနှင့် အဖျက်လုပ်ရပ်များကို လမ်းမှားရောက်ခဲ့သည့် လူငယ်လူရွယ်များသာမက တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက သိမြင်နားလည်နေကြပြီဖြစ်သည်။ အကြမ်းဖက်လမ်းစဉ်ချုပ်ငြိမ်းရေးနှင့် လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူလက်တွဲ၍ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။ အကြမ်းဖက်လမ်းစဉ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် အသက်၊ သွေး၊ ချွေးများနှင့်နိုင်ငံတော်နှင့် ပြည်သူများပိုင်ဆိုင်သည့် စည်းစိမ်ဥစ္စာများအတွက် ပြန်လည်ပေးဆပ်ရန် အချိန်ကျရောက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်တွန်းတင်ပေးနေပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံးလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် ပြည်သူအားလုံးပါဝင်နိုင်ရန်အတွက် နိုင်ငံတော်ကဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်လက်ခံယုံကြည်ပြီး ဥပဒေဘောင်အတွင်း အားလုံးပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ၁၃၈၇ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်းအကပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် မတ် ၂၀

ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ဂုဏ်ပြုသောအားဖြင့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများ ကျင်းပရာတွင် ၁၂ ဦးယိမ်း (မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၁၆ ဦးယိမ်း (ကျောင်းများ)၊ ၁၆ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၂၀ ဦးယိမ်း (အလွတ်တန်း)၊ ၁၂ ဦးယိမ်း(ကျား) (အလွတ်တန်း)နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မတ် ၃၁ ရက် နောက်ဆုံးထား၍ ဗိုလ်တထောင်မြို့နယ် (၄၆) လမ်း (၁၂) ထပ်ခွဲရုံး ဆယ်လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) ၌ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အကဲဖြတ်လုပ်ငန်းကော်မတီ၏ ဖုန်း-၀၉ ၅၃၂၁၆၇၅၊ ၀၉ ၅၅၀၁၀၄၉၊ ၀၉ ၄၅၂၈၁၃၆၇၂၊ ၀၉ ၄၂၁၇၁၃၆၃၂၊ ၀၉၄၅၀၅၄၀၈၅၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■

## ၂၀ - ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၅,၅၀၀ | ၁၅,၅၀၀ | ၁,၂၄၇ | ၁၉,၆၆၀,၅၀၀ |
| MTSH | ၆,၄၀၀ | ၆,၄၀၀ | ၃,၃၇၇ | ၂၁,၆၃၃,၇၀၀ |
| MCB | ၁၀,၅၀၀ | ၁၀,၀၀၀ | ၁၆ | ၁၅၇,၄၀၀ |
| FPB | ၄,၃၀၀ | ၄,၂၀၀ | ၁၃,၇၀၁ | ၅၈,၁၈၈,၉၀၀ |
| TMH | ၃,၄၀၀ | ၃,၄၀၀ | ၁၉ | ၆၂,၆၅၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၆,၀၆၅ | ၁၁,၂၄၄,၂၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၂၂၉ | ၉၁၆,၀၀၀ |
| MAEX | ၄,၀၀၀ | ၃,၉၀၀ | ၉၃၅ | ၃,၇၂၄,၀၀၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၃၅၀ | ၇၉၀ | ၂,၆၅၂,၉၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၉,၅၀၀ | ၉၁ | ၃,၅၉၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်းသတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

❂ ရွှေ့ဖုံးမှ

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၅၈၆ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၅ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၈၃ ရှိပြီး ထက်ဝက်ကျော် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ နှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ တို့အရ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဒုတိယသမ္မတ တစ်ဦးစီကို ရွေးချယ်တင်မြှောက်နိုင်ရန် အတွက် ဒုတိယ သမ္မတလောင်းများ အဆိုပြုရမည့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို မတ် ၃၀ ရက်တွင် စတင်ကျင်းပရန် သတ်မှတ်ကြေညာသည်။

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းပြီး တစ်ဖွဲ့စီက ဒုတိယသမ္မတ တစ်ဦးစီကို ရွေးချယ်တင်မြှောက်ကြမည်ဖြစ်သည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော် နာယက က အစုအဖွဲ့အလိုက် အစည်းအဝေးများကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ လည်းကောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ပေးသည့်နေရာ၌ လည်းကောင်း ကျင်းပပြုလုပ်ကြရမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက သက်ဆိုင်ရာအစုအဖွဲ့အလိုက် ဒုတိယသမ္မတ တစ်ဦးစီ ရွေးချယ်တင်မြှောက်ပြီးပါက သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တင်မြှောက်ခံရသည့် ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့တင်ပြရန်၊ အလားတူ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က တာဝန်ပေးအပ်သည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်း ၎င်းတို့အစုအဖွဲ့က ရွေးချယ်တင်မြှောက်ထားသည့် ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့တင်ပြရန်၊ တစ်ဆက်တည်းတွင် နိုင်ငံတော်သမ္မတ စိစစ်ရေးအဖွဲ့တွင် လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်အတူ ပါဝင်ရန်အတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးနှင့် တပ်မတော်သား အစုအဖွဲ့က လွှတ်တော်ကိုယ်စားလှယ်တစ်ဦး တို့ကိုလည်း တစ်ပါတည်းရွေးချယ်ပြီး အမည်စာရင်း ပေးပို့သွားကြရန်၊ အမည်စာရင်းများ ရရှိပြီးသည့်အခါ နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ ကို စိစစ်ခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုကျွမ်းကျင်(၁)နှစ်သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲ တက်ရောက်

နေပြည်တော် မတ် ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၌ ကျင်းပသည့် စက်မှုကျွမ်းကျင်(၁)နှစ်သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအချိန်အခါတွင် မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသတွင်းနိုင်ငံများနှင့် ပိုမိုပေါင်းစည်းဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွက် ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုလိုအပ်ချက်ကို သင်တန်းဆင်းမောင်မယ်များအနေဖြင့် ကျောင်းတော်ကြီးမှ လေ့လာသင်ယူခဲ့ရသည့် အသိပညာ၊ အတတ်ပညာများကို စက်ရုံ/အလုပ်ရုံများတွင် ပြန်လည်အသုံးချပြီး စက်မှုဝန်ကြီးဌာန၏ အကျိုး၊ နိုင်ငံအကျိုးကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြသည့် လူငယ်မောင်မယ်များ ဖြစ်လာစေရန် တိုက်တွန်းပြောကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အခြေခံလိုအပ်ချက်များကို တစ်ပြိုင်နက်တည်း တည်ဆောက်ရသကဲ့သို့ လူသားအရင်းအမြစ် စွမ်းဆောင်နိုင်မှုကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသော့ချက်ပင်ဖြစ်ကြောင်း၊ မောင်မယ်တို့သည် မကြာခင်အချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်၍ နိုင်ငံ၏ အနာဂတ်ကောင်းကျိုး/ဆိုးကျိုးသည်လည်း မောင်တို့ မယ်တို့၏ အရည်အချင်းနှင့် ခံယူချက်များအပေါ်တွင် မူတည်နေကြောင်း၊ အရည်အချင်းဆိုသည်မှာ ကျောင်းစာတစ်ခုတည်း တော်ရုံတတ်ရုံနှင့် မလုံလောက်ဘဲ သင်ယူထားသည့် အတတ်ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင်၊ စည်းကမ်းရှိပြီး ကိုယ်ကျင့်တရား ကောင်းမွန်အောင်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်အောင်၊ အများအကျိုး သယ်ပိုးဆောင်ရွက်လိုသော စိတ်ဆန္ဒရှိအောင် နေထိုင်ကျင့်ကြံမှသာ စစ်မှန်ပြီး အရည်အချင်းပြည့်ဝသည့် လူငယ်များအဖြစ် လူမှုပတ်ဝန်းကျင်က လက်ခံလာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းသားစံပြဆုရသင်တန်းသားကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို လည်းကောင်း၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး) အနေဖြင့် စက်မှုကျွမ်းကျင် (၁)နှစ်သင်တန်း အမှတ်စဉ်(၁၃)တွင် သင်တန်းသား ၁၃၆ ဦး၊ သင်တန်းသူ ၃၀ စုစုပေါင်း ၁၆၆ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၉၈၀ ကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီးအဆင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး ဆင့်ပွားဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး မတ် ၂၀

အခြေခံပညာကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး (တိုင်းဒေသကြီးအဆင့်) ဆင့်ပွားဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယပညာရေးမှူး(စီမံကိန်း/စာရင်းအင်း/ကွန်ပျူတာ)ဆရာကြီး ဦးမိုးက “ကိုယ်စိတ်နှစ်ဖြာကျန်းမာပျော်ရွှင်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို မတ် ၂၀ ရက်မှ ၂၂ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမ ၃၀၆ ဦးအား သင်တန်းနည်းပြ ၃၃ ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်ထောင်စုလွှတ်တော်နာယက ပြောကြားသည့် နှုတ်ခွန်းဆက်စကား

ယနေ့ကျင်းပတဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်ကို တတိယအကြိမ် အမျိုးသားလွှတ်တော်ရဲ့ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို လွှတ်တော်သက်တမ်းကာလ ၂ နှစ်ခွဲ၊ လပေါင်း ၃၀ ပူးတွဲတာဝန်ထမ်းဆောင်ရမှာဖြစ်လို့ များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ဟာဆိုရင် ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကနေ နိုင်ငံသူနိုင်ငံသားများရဲ့ ဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်ခံထားရတဲ့ ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုံစုံလင်လင် စုစည်းတက်ရောက်လာကြတဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမဦးဆုံးနေ့ ဖြစ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းဖြစ်စဉ်နဲ့ ခေတ်ကာလရဲ့ တောင်းဆိုချက်အရ နိုင်ငံတော်နဲ့ ပြည်သူအများစုရဲ့ လိုအင်ဆန္ဒပန်းတိုင်ဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းရေးဖြစ်ပါတယ်။ အဲဒီပန်းတိုင်ကို အမြန်ဆုံးရောက်ရှိဖို့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီမိုကရေစီခရီးလမ်း လျှောက်လှမ်းနိုင်ဖို့အတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကြားကပင် လက်ရှိနိုင်ငံတော်အစိုးရက မဆုတ်မနစ်တဲ့ ဇွဲလုံ့လတို့နဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်သန့်ရှင်းစွာ၊ တရားမျှတပြီး သိက္ခာရှိစွာနဲ့ နိုင်ငံတကာလေ့လာသူများရှေ့မှောက်မှာ အောင်မြင်စွာ ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများဟာလည်း ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်နိုင်ဖို့ အခုလိုလွှတ်တော်အစည်းအဝေးတွေကို ကျင်းပပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

တတိယအကြိမ် လွှတ်တော်အသီးသီးရဲ့ ပထမပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အရေးကြီးကိစ္စရပ်များဖြစ်တဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်တဲ့ကိစ္စရပ်တွေ၊ လွှတ်တော်ဥက္ကဋ္ဌ/ဒုဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်တာတွေ၊ ပြည်ထောင်စုအစိုးရဖွဲ့စည်းတာ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေကို ခန့်အပ်တာဝန်ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်တွေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ ဖွဲ့စည်းတာတွေ၊ လွှတ်တော်ရေးရာကော်မတီ၊ ပူးပေါင်းကော်မတီ ဖွဲ့စည်းတာတွေနဲ့ စပ်လျဉ်းပြီး လွှတ်တော်တွေရဲ့ အဆုံးအဖြတ်ရယူကာ အတည်ပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား–**

၂၀၁၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ မန္တလေးလျှောင်ကြီးရဲ့ လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့လို့ ယခုလို လွှတ်တော်အစည်းအဝေးတွေကို အောင်မြင်စွာ ကျင်းပနိုင်တာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေစွာ၊ နိုင်ငံသားတွေရဲ့ ဂုဏ်တွေနဲ့ လိုက်လျောညီထွေစွာ ဒီလိုခံ့ညားထည်ဝါတဲ့ လွှတ်တော်အဆောက်အအုံကြီးတွေကို ပြုပြင်တည်ဆောက်ပေးတာ၊ လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိလာတဲ့အခါမှာ အစစအရာရာ လိုလေသေးမရှိအောင် ကြိုတင်မြော်တွေးပြီး ဆောင်ရွက်ပေးခဲ့တာတွေအတွက် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်အစိုးရ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း လေးစားစွာ ပြောကြားလိုပါတယ်။

ပြည်ထောင်စုလွှတ်တော်ကြီးဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာ တင်သွင်းဆွေးနွေးကြတဲ့ ဥပဒေကြမ်းတွေကို အတည်ပြုပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အပြင် နိုင်ငံတော်အတွက် အရေးကြီးတဲ့ ကိစ္စရပ်တွေကို အဆုံးအဖြတ်ပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ရဲ့အခန်းကဏ္ဍ ဂုဏ်ဒြပ်ဟာ မြင့်မားပါတယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာပြီး စံပြဖြစ်အောင် နေထိုင်ကြဖို့ လိုပါတယ်။ ဒါ့အပြင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဘဲ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုသာ ဦးထိပ်ထားပြီး မတူကွဲပြားခြားနားတဲ့ အမြင်တွေအပေါ်မှာ ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာစေဖို့ အပြန်အလှန်လေးစားမှုနဲ့ ဆွေးနွေးညှိနှိုင်းကြရမှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ကြတဲ့အခါမှာလည်း လွှတ်တော်စွဲ၊ ဝါဒစွဲ၊ ပါတီစွဲစတာတွေမထားရှိဘဲ ပိုမိုကောင်းမွန်တဲ့ ဥပဒေပြဋ္ဌာန်းချက်များ ဖြစ်ပေါ်လာစေရေးကိုသာ ဦးတည်ပြီး နားလည်မှု၊ စည်းလုံးညီညွတ်မှုတို့ကို အခြေခံပြီး ဆွေးနွေးသွားကြဖို့ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေချင်တာ၊ ထာဝရငြိမ်းချမ်းရေးရရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်လိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ တူညီတဲ့ ဆန္ဒဖြစ်ပြီး ဘုံရည်မှန်းချက်လည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရပ်တွေကို အပြန်အလှန်နားလည်မှုနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ရဲ့ အဓိကတာဝန်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ပြုရာမှာ ဥပဒေပြုခြင်းနဲ့ ထိန်းကျောင်းဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတိုင်းဟာ အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွား၊ ပုဂ္ဂလိက အကျိုးစီးပွားထက် နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ နိုင်ငံသူနိုင်ငံသားများရဲ့ အကျိုးစီးပွားကို အဓိကဖော်ဆောင်ပေးတဲ့ ဥပဒေများဖြစ်ရပါမယ်။ လက်ရှိမျက်မှောက်ကာလမှာ ခေတ်စနစ်နဲ့ မကိုက်ညီတော့တဲ့ ဥပဒေများကို ပြန်လည်လေ့လာဆန်းစစ်ပြီး လိုအပ်သလို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ ဥပဒေအသစ်များ တင်သွင်းခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများအပြင် လက်ရှိတည်ဆဲဥပဒေများရဲ့ အာဏာသက်ရောက်မှုရှိ၊ မရှိ ပြန်လည်ဆန်းစစ်ပြီး လိုအပ်ပါက ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများမှာပါဝင်တဲ့ ဥပဒေပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ကြေညက်အောင် လေ့လာထားပြီး တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဥပဒေပြု လွှတ်တော်ကြီးအတွင်းကို ရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးကို အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များ ပူးပေါင်းပြီး လွှတ်တော်အတွင်းမှာ ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်မှာဖြစ်လို့ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံနဲ့ ပူးပေါင်းဆွေးနွေး လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား –**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတဲ့ ကာလအတွင်း ဖြောင့်မတ်မှန်ကန်ပြီး သစ္စာရှိစွာနဲ့ နိုင်ငံသူနိုင်ငံသားများလိုလားတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကို အလေးထားကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအလေ့အထများနဲ့အညီ ကျင်းပတဲ့ လွှတ်တော်မှာ ကျွန်တော်တို့အားလုံး လိုက်နာကျင့်သုံးရမယ့် ဥပဒေ၊ နည်းဥပဒေ၊ ဓလေ့ထုံးတမ်းတွေဟာ နောင်လာနောက်သားတွေအတွက် စံနမူနာပြစရာ အစဉ်အလာကောင်းတွေဖြစ်အောင် အားလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းနဲ့ ပြည်သူများ ယုံကြည်အားထားရတဲ့ လွှတ်တော်တစ်ရပ် ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

## နမ့်စန်မြို့နယ်၌ သွင်းအားစုအရောင်းဆိုင်များအား သက်ဆိုင်ရာဥပဒေများရှင်းလင်းဆွေးနွေး



**နမ့်စန်(တ) မတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မျိုးစေ့ပျိုးပင်၊ မြေသြဇာနှင့် ပိုးသတ်ဆေးသွင်းအားစုအရောင်းဆိုင်များအား သက်ဆိုင်ရာဥပဒေများရှင်းလင်းခြင်းနှင့် နည်းပညာပေးခြင်းကို ယနေ့ နံနက် ၁၀နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကားပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းက ဥပဒေများ ရှင်းလင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လွိုင်လင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မျိုးစေ့၊ သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေး တာဝန်ခံတို့က မျိုးစေ့၊ မြေသြဇာနှင့်ပိုးသတ်ဆေး ဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် သွင်းအားစုအရောင်းဆိုင်တာဝန်ခံများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ မတ် ၂၀ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းကာ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ အောက်ဆီဂျင်ဖြတ်ဖုံးအုပ်မီးငြိမ်းသတ်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မော်လမြိုင်မြို့ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော် မတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်မှုထမ်းများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း၏ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း၍ အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေနှင့် အာဟာရဖြည့် အစားအသောက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် မတ် ၂၀

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မင်းမင်းစိုးနှင့် စစ်ကြောင်းမှူးများ၊ စေတနာရှင် အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို




ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေစုစုပေါင်း ငွေကျပ် ၄၅၈၁၉၃၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်စန်းယုနိုင်၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မင်းမင်းစိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပျောက်ကွယ်နေသော သမိုင်းပုံရိပ်များ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



နေပြည်တော် မတ် ၂၀

"ပျောက်ကွယ်နေသော သမိုင်းပုံရိပ်များ" သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာသမိုင်းအဖွဲ့ဝင်ဆရာကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲမှ မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာ့သမိုင်းစဉ်တစ်လျှောက် ခိုင်မာသည့်အထောက်အထားများဖြင့် မှတ်တမ်းတင်နိုင်ခဲ့သော ဖြစ်ရပ်များစွာရှိသကဲ့သို့ ခေတ်ကာလများ ရွေ့လျားလာသည်နှင့်အမျှ မေးမှိန်ပျောက်ကွယ်သွားရသည့် အဖိုးတန်သမိုင်းပုံရိပ်များစွာ ရှိနေခဲ့သည်မှာလည်း အမှန်ပင်ဖြစ်ကြောင်း၊ ၎င်းတို့အနက် အချို့က ခိုင်လုံသောအထောက်အထားအားနည်းခြင်း၊ စနစ်တကျမှတ်တမ်းမတင်နိုင်ခြင်း၊ ယဉ်ကျေးမှုအထောက်အထား အရေးအနေ့များကြား ပျောက်ဆုံးသွားခဲ့ခြင်းများရှိသကဲ့သို့ ရာသီဥတုနှင့် သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးရခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း အားနည်းသည့်နေရာများတွင် ရောက်ရှိနေခြင်းတို့ကြောင့် မြန်မာ့သမိုင်းတွင် မဖြည့်စွက်နိုင်သေးသော ပုံရိပ်များအဖြစ် ပျောက်ကွယ်နေသည်များလည်းရှိခဲ့ကြောင်း၊ ထိုပျောက်ကွယ်နေသော သမိုင်းပုံရိပ်အထောက်အထားများကို ရှာဖွေဖော်ထုတ်၍ ကဏ္ဍအသီးသီးတွင် တိမ်မြုပ်နေသည့် သမိုင်းလစ်ဟာကွက်များ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးများကို မည်ကဲ့သို့ သုတေသနပြုပုံဖော်တင်ပြကြမည်ဆိုသည်ကို နားထောင်လေ့လာသုံးသပ်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နံနက်ပိုင်း စာတမ်းဖတ်ကြားခြင်း အစီအစဉ်တွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ တိုးလှက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက "ဒုတိယ အင်္ဂလိပ်-မြန်မာစစ်အပြီး နယ်ခြားမျဉ်း သတ်မှတ်ချက်နှင့် သက်ရောက်မှု" စာတမ်းနှင့် မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးနီတွတ်က "အရိမဒ္ဒနပူရ ပုဂံပြည်၊ သစ်မတီရပ် ဒုတိယအကြိမ် တိုင်းပြည်ပြန်လည်ထူထောင်ခြင်း" စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမွန်သီရိစိုးက "အနောက်နိုင်ငံ သံတမန် မှတ်တမ်းများမှတစ်ဆင့် တိမ်မြုပ်နေသောသမိုင်းပုံရိပ်များအား လေ့လာဆန်းစစ်ခြင်း (၁၇၅၂ -၁၈၅၂)"စာတမ်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မာလာလွင်က "စလေဒေသ ပုရပိုက်များမှတွေ့ရသော တရားစီရင်ရေးဓလေ့" စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင် ဦးကျော်စိုးက "ပုရပိုက်ထဲမှ ရွှေပြည်ရန်အောင် သမိုင်းပုံရိပ်" စာတမ်းကို ဖတ်ကြားဆွေးနွေးရာ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများက အကြံပြု မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယနေ့ဖတ်ကြားတင်ပြကြသည့် သုတေသနစာတမ်း ငါးစောင်သည် ယခင်က မသိသေးသည့် ပျောက်ကွယ်နေသော သမိုင်းပုံရိပ်များကို စူးစမ်းရှာဖွေဖော်ထုတ်ပြီး သမိုင်းအမြင်သစ်များဖြင့်တင်ပြသည့် စာတမ်းများဖြစ်ကာ ထိုစာတမ်းများထဲက သင်ခန်းစာများ၊ အကြံဉာဏ်များ၊အသိပညာများနှင့် အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်ရန်အတွက် ဗဟုသုတများ တိုးပွားရရှိစေပါကြောင်း ပြောကြားပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိများနှင့် စာတမ်းရှင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

ကမ္ဘာ့ရေနေ့ ၂၀၂၆ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ပထမဆုရဆောင်းပါး

# ရေကဏ္ဍစုံ ဖွံ့ဖြိုးဖို့ ကျားမတန်းတူ ပါဝင်စို့

အေးမြင့်ဆွေ

ရွက်ဝါကြွေပြီးစ ခြောက်သွေ့သွေ့ နွေသစ်ပင်များနှင့် ရေနည်းသောင်ထွန်းနေသော နွမ်းလျလျ စမ်းချောင်းငယ်တို့သည် ဤမြေကမ္ဘာသက်ရှိများအတွက် ရေ၏တန်ဖိုးကြီး အရေးပါမှုကို တိတ်ဆိတ်နက်ရှိုင်းစွာဖော်ပြလျက်ရှိကြသည်။ လက်ယက်သဲရေတွင်းများဆီမှ မောင်တစ်ထမ်း မယ်တစ်ရွက် ရေခပ်ပြန်လာနေကြသော ကျေးလက်တောင်သူဇနီးမောင်နှံ၏ လွမ်းမောဖွယ်ညနေဆည်းဆာရှုခင်းသည်လည်း ၂၀၂၆ ခုနှစ် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်၏ ကျား၊ မ တန်းတူပါဝင်မှုကို ဖော်ညွှန်းသရုပ်ဖော်နေသကဲ့သို့ပင်ရှိ၏။ ၂၀၂၆ ခုနှစ် မတ်လ ၂၂ ရက်နေ့ (၃၄) ကြိမ်မြောက် ကမ္ဘာ့ရေနေ့ (World Water Day) အချိန်အခါသည် ရည်ရွယ်ချက်ကောင်းများစွာဖြင့် နေရာအနှံ့တွင် သက်ဝင်တောက်ပလျက်ရှိနေပါသည်။

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်မှာ **"ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျားမတန်းတူပါဝင်စို့"** (Where Water Flows, Equality Grows)ဟူ၍ ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ရေကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေစီမံခန့်ခွဲမှုများတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်ဆုံးဖြတ်နိုင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးရန်ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ UNESCO World Water Development Programme က ထုတ်ပြန်သော ၂၀၂၆ ခုနှစ် **ကမ္ဘာ့ရေဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ၊** (World Water Development Report, 2026) ပါ အကြောင်းအရာများပေါ်မှီတည်၍ ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်ကို UN–Water က ရွေးချယ်သတ်မှတ်ခြင်းဖြစ်ပါသည်။

### ကမ္ဘာ့ရေထုပမာဏ

ရေသည် ဤမြေကမ္ဘာအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ အရည်၊ အခဲ၊ အငွေ့ ပုံစံသုံးမျိုးလုံးဖြင့် ပျံ့နှံ့တည်ရှိနေပြီး ရေခဲတောင်၊ တောတန်း၊ မြစ်ချောင်း၊ ပင်လယ်များကိုဖြတ်၍ ကောင်းကင်ထက်သို့လည်း အခိုးအငွေ့အဖြစ် ပျံတက်နိုင်သေးသည်ဖြစ်ရာ ရေ၏အဆုံးမဲ့သံသရာသည် ကမ္ဘာတည်ရှိမှုအား ထုဆစ်လျက်ရှိပါသည်။ ကမ္ဘာ့မျက်နှာပြင် ဧရိယာ၏ ၇၁ ရာခိုင်နှုန်းကို ရေထုက ဖုံးလွှမ်းလျက်ရှိသော်လည်း **"ဖောင်စီးရင်း ရေငတ်"** ဆိုသကဲ့သို့ ၉၆ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်ရေငန်ဖြစ်၍ ၃ ဒသမ ၅ ရာခိုင်နှုန်းသည်သာ ရေချိုဖြစ်ပါသည်။ ထိုရေချိုထု၏ ၆၈ ရာခိုင်နှုန်းသည် ရေခဲပြင်၊ ၃၀ ရာခိုင်နှုန်းသည် မြေအောက်ရေများဖြစ်ရာ မြစ်ချောင်းများက ပိုင်ဆိုင်သော စီးဆင်းရေမှာ သုည ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် **"ရွှေကိုမလို၊ ရေကိုသာလိုသည်"**၊ **"မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့တော"** စသည်ဖြင့် ရေ၏တန်ဖိုးကို ညွှန်းဆိုကြခြင်းဖြစ်ပါလိမ့်မည်။




### ရေ၏တန်ဖိုး

ရေသည် သက်ရှိများ၏ အသက်ဇီဝရှင်သန်မှု၊ စိတ်နှလုံးချမ်းမြေ့မှု၊ လူမှုဘဝချောမွေ့ အဆင်ပြေမှုများ၏ပင်ရင်းဇာစ်မြစ်ဖြစ်သည်။ လူ့ခန္ဓာကိုယ်၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသည် ရေဓာတ်ဖြင့် ဖွဲ့စည်းထားပြီး **"ရေအသက်တစ်မနက်"**ဟူသော ဆိုရိုးနှင့်အညီ ရေသည် ကျန်းမာခြင်း၏ မြစ်ဖျားခံရာဖြစ်ပါသည်။ ထို့ပြင် လူသားတို့၏ နှလုံးစိတ်ဝမ်းအေးချမ်းခြင်းသည်လည်း ရေနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။ မောပန်းနွမ်းနယ်ခြင်း၊ စိတ်ညစ်ညူးခြင်းများကို ရေချိုးခြင်း၊ ရေနှင့်ထိတွေ့ခြင်းဖြင့် ပျောက်ကင်းစေပါသည်။ မတူညီကွဲပြားသော နေရာဒေသ၊ ရိုးရာဓလေ့ထုံးတမ်းများစွာကြားတွင် ရေသည် စိတ်နှလုံးအေးမြမှုအတွက် အဓိကကုစားဖန်တီးသော ဆေးဝါးကုထုံးအဖြစ် တူညီစွာ ရပ်တည်လျက်ရှိသည်။

ရေသည် ကောက်ပဲသီးနှံထွက်ရှိမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုများ၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။ **"ရေကိုရင်းနှီး ပြည်ကြီးသာယာ"** ဟူ၍ ရေကို စနစ်တကျစီမံအသုံးပြုတတ်သော ခေတ်၊ ဒေသများသည် အခြားခေတ်၊ ဒေသများထက် ပို၍ငြိမ်းချမ်းကြွယ်ဝလေ့ရှိကြပါသည်။ ရှေးခေတ်အီဂျစ်တို့၏ နိုင်းမြစ်ရေ စီမံခန့်ခွဲအသုံးပြုခဲ့မှု၊ မြန်မာတို့၏ ပျူခေတ်၊ ပုဂံခေတ် ရေအသုံးချစိုက်ပျိုးမှုနည်းစနစ်များသည် ပြည်သူ့လူမှုစီးပွားဘဝကို တိုးတက်စေခဲ့ကြောင်း သမိုင်းအထောက်အထားများအရ ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။ စားရေရိက္ခာထုတ်လုပ်နိုင်မှုနှင့် ကုန်စည်စီးဆင်းမှု အားသာချက်များကြောင့် ရေတည်ရှိရာ မြစ်ချောင်းများတစ်လျှောက်နှင့် ပင်လယ်ကမ်းစပ်များတစ်လျှောက်တွင် လူနေထိုင်မှုပိုမိုသိပ်သည်းပါသည်။

စက်ရုံအလုပ်ရုံများ၊ စိုက်ပျိုးခင်းများ၊ သယံဇာတတူးဖော်ခြင်း၊ လျှပ်စစ်စွမ်းအားထုတ်လုပ်ခြင်းစသည့် မည်သည့်စိုက်ပျိုးထုတ်လုပ်မှုမဆို ရေနှင့်ဆက်နွှယ်လျက်ရှိသည်။ သို့ဖြစ်ရာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုသည် စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ စသည့် ကဏ္ဍပေါင်းစုံ ဘက်စုံတိုးတက်ရေး၏ ရေသောက်မြစ်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးမှု၏အခြေခံအချက်ဖြစ်ပါသည်။

### ကမ္ဘာ့ရေချိုအကျပ်အတည်းနှင့် ရေပဋိပက္ခများ

ရေ၏အသက်ဇီဝပတ်ဝန်းကျင်အတွက် အရေးပါလွန်းလှမှုနှင့် ၂၁ ရာစု ကမ္ဘာ၏ ရေချိုအကျပ်အတည်းများ ထိပ်တိုက်တွေ့သောအခါတွင် ကမ္ဘာ့ရေအငြင်းပွားမှုပဋိပက္ခများ ပိုမိုများပြားလာပါသည်။ ကမ္ဘာ့ရေချိုအကျပ်အတည်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာလျက်ရှိပါသည်။ ရေအငြင်းပွားမှုပဋိပက္ခများသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်ဆခန့်အထိ များပြားလာခဲ့ပါသည်။ ထင်ရှားသော ဥပမာများတွင် အစ္စရေး–ဂါဇာ ရေပဋိပက္ခ၊ အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား အိန္ဒုမြစ်ဆိုင်ရာ ရေအငြင်းပွားမှုတို့သည် ထင်ရှားပါသည်။

ကုလသမဂ္ဂ၏ထုတ်ပြန်ချက်များအရ ကမ္ဘာ့ရေချိုအရင်းအမြစ်အများစုသည် ပြန်လည်ကုစားမရသည်အထိ ပြိုလဲပျက်စီးနေသော (Bankrupt) အခြေအနေသို့ရောက်ရှိသွားပြီဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရေချိုကန်ကြီးများ၏ ၇၀ ရာခိုင်နှုန်းခန့်သည် အလွန်လျင်မြန်စွာ ခန်းခြောက်နေပြီး ၅၀ ရာခိုင်နှုန်းသည် ၁၉၉၀ ပြည့်နှစ်များမှစ၍ ကန်ရေပြင်ဧရိယာ ကျုံ့ဝင်ပျောက်ကွယ်လာလျက်ရှိပါသည်။ ၁၉၇၀ ပြည့်နှစ်များမှစ၍ ကမ္ဘာ့ရေခဲမြစ် ၃၀ ရာခိုင်နှုန်းကျော်သည် တိတ်ဆိတ်စွာပျောက်ကွယ်သွားပြီဖြစ်ပါသည်။ လွန်ခဲ့သော နှစ် ၅၀ အတွင်း သဘာဝရေတိမ်ဒေသ ဟက်တာ ၄၁ သန်းခန့် ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ပေကျင်း၊ ဒေလီစသော မြို့ကြီး ၁၀၀ ကျော်သည် ပြင်းထန်ရေအကျပ်အတည်းနှင့် ကြုံတွေ့နေရပြီး အချို့မြို့များသည် မြို့ပြရေပေးဝေမှု လုံးဝပျက်စီးသွားနိုင်သည့် "Day Zero" သို့ နီးကပ်လျက်ရှိနေကြပါသည်။

ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် တစ်နှစ်လျှင် အနည်းဆုံးတစ်လခန့် ပြင်းထန်ရေရှားပါးမှုကို ခံစားနေရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ စာရင်းများအရ လူဦးရေ ၂ ဒသမ ၂ ဘီလီယံသည် သန့်ရှင်းသော သောက်သုံးရေမရရှိဘဲ ၃ ဒသမ ၅ ဘီလီယံခန့်သည် စနစ်တကျရှိသည့် သန့်ရှင်းရေးစနစ်ကို သုံးစွဲနိုင်ခြင်းမရှိပါ။ UN Water ၏ လေ့လာမှုများအရ ရေမှတစ်ဆင့် ကူးစက်သောရောဂါများနှင့် လုံလောက်သော ရေထောက်ပံ့မှုမရရှိခြင်းတို့ကြောင့် နှစ်စဉ်လူဦးရေ ၃ ဒသမ ၅ သန်းခန့် သေဆုံးနေရသည်။ WHO ၏ သုတေသနအရ ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် ငါးနှစ်အောက်ကလေးငယ် ၉၀၀ ခန့် နေ့စဉ်သေဆုံးလျက်ရှိရာ နှစ်မိနစ်လျှင် ကလေးတစ်ဦး သေဆုံးနေခြင်းဖြစ်ပြီး နှစ်စဉ် ကလေးပေါင်း ၃၂၈၅၀၀ ခန့် သေဆုံးလျက်ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ရေရှားပါးမှုကြောင့် လူ သန်း ၇၀၀ ကျော် ရွှေ့ပြောင်းနေထိုင်ရနိုင်သည်ဟု ခန့်မှန်းထားရာ ကမ္ဘာ့အရေးသည် စိုးရိမ်ဖွယ်ဖြစ်သည်။

ရေရှားပါးမှုသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဆုတ်ယုတ်လာစေသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အချက်အလက်များအရ ကမ္ဘာ့လူဦးရေ ၁၁ ဦးတွင် တစ်ဦးသည် ငတ်မွတ်လျက်ရှိနေသည်။ ၂၀၅၀ ပြည့်နှစ်တွင် ခန့်မှန်းလူဦးရေ ၁၀ ဘီလီယံအတွက် ၂၀၁၀ ပြည့်နှစ် စားနပ်ရိက္ခာထက် ၅၆ ရာခိုင်နှုန်း ပိုမိုလိုအပ်လာမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍအတွက် ကမ္ဘာ့ရေချို၏ ၇၂ ရာခိုင်နှုန်းကို သုံးစွဲနေရခြင်းဖြစ်ရာ စနစ်တကျပြင်ဆင်မှုမရှိပါက စိုက်ပျိုးရေးကဏ္ဍ ရေအကျပ်အတည်းသည် စီမံရန် ခက်ခဲလာမည်ဖြစ်ပါသည်။

### အမျိုးသမီးများနှင့် ရေချိုအကျပ်အတည်း

၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၃၀၀ တွင် အမျိုးသားဦးရေ ၅၀ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသမီးဦးရေ ၄၉ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိရာ ကျား၊ မ အချိုး ကွာခြားမှုမှာ များစွာကြီးမားခြင်းမရှိပါ။ ထို့အတူ နေ့စဉ်ရေလိုအပ်မှုသည် ကျား၊ မ မကွာခြားဟု ထင်စရာဖြစ်၏။ သို့ရာတွင် အမျိုးသမီးများသည် ဇီဝကမ္မဖြစ်စဉ်အရဖြစ်စေ၊ မိသားစုတာဝန်အရဖြစ်စေ ရေကိုအများဆုံးလိုအပ်သူများ၊ အခြေခံရေသုံးစွဲမှုကို နေ့စဉ်စီမံနေရသူများ၊ ရေရှားပါးမှုဆိုးကျိုးကို ပိုမိုခံစားရင်ဆိုင်နေရသူများ ဖြစ်ကြပါသည်။

**"ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုး၏"** ဟူသကဲ့သို့ အိမ်သုံးရေစီမံမှုသည် အမျိုးသမီးများနှင့်ခွဲခြား၍မရပါ။ အစားအစာချက်ပြုတ်ခြင်း၊ အဝတ်အထည် လျှော်ဖွပ်ခြင်း၊ ကလေးများ၏ သန့်ရှင်းမှုများဆောင်ရွက်ရခြင်း၊ သီးနှံပင်ရေလောင်းခြင်း စသည့် သောက်သုံးရေလိုအပ်မှုကို အမျိုးသမီးများ နေ့စဉ်ရင်ဆိုင်ရလျက်ရှိသည်။ ထို့အတူ ရေသယ်ယူမှုနှင့်ဆက်စပ်၍ အမျိုးသမီးများသည် အမျိုးသားများထက် အချိန် သုံးဆခန့် ပိုမိုအနစ်နာခံကုန်ဆုံးရပြီး အမျိုးသမီးထုသည် တစ်နေ့လျှင် နာရီပေါင်း သန်း ၂၅၀ ခန့်အချိန်ကို ရေခပ်ရန်အတွက် သုံးစွဲနေကြရသည်။ ကမ္ဘာ့အိမ်ထောင်စု သုံးစုတွင် နှစ်စု၌ ရေသယ်ယူခြင်းတာဝန်အား အမျိုးသမီးများက ဆောင်ရွက်ရလျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ❐

**"နေနှင့်လ၊ ရေနှင့်မီး၊ အဖြူနှင့်အမည်း၊ မွေးဖွားခြင်းနှင့်သေဆုံးခြင်း၊ အဖိုနှင့်အမ စသည့် ဆန့်ကျင်ဘက် သဘောတရားများသည် သဘာဝ၏ ဟန်ချက်ညီတည်မြဲမှုကို ထိန်းသိမ်းထားကြခြင်းဖြစ်ပါသည်။ တစ်ခုနှင့်တစ်ခုအပြန်အလှန်ထောက်ကူ၍ တစ်ခုလိုအပ်ချက်အား အခြားတစ်ခုက ဖြည့်ဆည်းပေးလျက်ရှိကြသည်။ ရေစီမံမှုများအတွက် အမျိုးသားများ၏ ခွန်အားပြည့်စုံမှု၊ နည်းပညာကျွမ်းကျင်မှု၊ ဆုံးဖြတ်ချက်ပြတ်သားမှု၊ အပင်ပန်းခံနိုင်မှုတို့သည် အရေးပါသကဲ့သို့ အမျိုးသမီးတို့၏ စနစ်တကျရှိမှု၊ ခွဲဝေသုံးစွဲတတ်မှု၊ ညှိနှိုင်းစေ့စပ်တတ်မှု၊ ထိုးထွင်းသိမြင်လွယ်မှုနှင့် အနုစိတ်ဖန်တီးတတ်မှုတို့ကလည်း များစွာအကျိုးပြု"**

# တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့) စတင်ကျင်းပ

**မကွေး မတ် ၂၀**

တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ရှိတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိအဖြစ် ဦးကြည်ထွန်းကို ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိက တတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၆၁ ဦး စုံညီစွာ တက်ရောက်ခဲ့သည့် အတွက် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။




ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ကတိသစ္စာ ပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မကွေးမဲဆန္ဒနယ် (၁)မှ ဒေါက်တာမောင်မောင်ဌေးအား တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပခုက္ကူ မဲဆန္ဒနယ် (၂)မှ ဦးခင်မောင်ညိုအား တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေးအား တာဝန်လွှဲအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ကိုရဲ (မြန်/ဆက်)**

---

❒ စာမျက်နှာ ၆ မှ

ကမ္ဘာ့အမျိုးသမီးဦးရေ၏ ၂၆ ရာခိုင်နှုန်းရှိသော အမျိုးသမီး ၁ ဒသမ ၁ ဘီလီယံသည် သန့်ရှင်းသော သောက်သုံးရေ မရရှိပါ။ ရေရှားပါးပြီး မသန့်ရှင်းသော ကလေးမွေးဖွားရမှုများကြောင့် နှစ်စဉ် အမျိုးသမီး တစ်သန်းခန့် သေဆုံးလျက်ရှိနေပါသည်။ မွေးကင်းစကလေးသေဆုံးမှု ၂၆ ရာခိုင်နှုန်းနှင့် မိခင်သေဆုံးမှု ၁၁ ရာခိုင်နှုန်းသည် မသန့်ရှင်း၍ ရောဂါပိုးဝင်ခြင်းကြောင့် ဖြစ်ပါသည်။ ဝေးကွာသောနေရာများသို့ တစ်ဦးတည်းရေခပ်သွားရခြင်းကြောင့် အမျိုးသမီးများအကြမ်းဖက်ခံရမှု၊ ကျန်းမာရေးချို့ယွင်းလာမှု၊ စာသင်ချိန်၊ အနားယူချိန်ဆုံးရှုံးမှုကြောင့် ကိုယ်ရည်ကိုယ်သွေးကျဆင်းမှုများကို ဖြစ်ပေါ်စေပြီး လူ့အသိုက်အဝန်းအား ထိခိုက်ယိုယွင်းလာစေလျက်ရှိပါသည်။

အမျိုးသမီးများသည် အိမ်သုံးရေစီမံခန့်ခွဲမှု၏ အဓိကဇာတ်ဆောင်များဖြစ်သော်လည်း အခြားရေအရင်းအမြစ်စီမံခန့်ခွဲမှုများနှင့် ရေစီမံမှုဆုံးဖြတ်ချက်ချမှတ်ရန် ပူးပေါင်းပါဝင်ရမှုအဆင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် နောက်ကျလျက်ရှိနေပါသည်။ ရေနှင့်ဆက်စပ်သည့်ကဏ္ဍများတွင် အမျိုးသမီးများ၏ဦးဆောင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ပါဝင်ပူးပေါင်းနိုင်မှုအားမြှင့်တင်ပေးရန် လိုအပ်လျက်ရှိနေပါသည်။ ကမ္ဘာ့နိုင်ငံများအနက် ကျေးလက်ရေစီမံခန့်ခွဲမှုစနစ်များတွင် အမျိုးသမီးများပါဝင်ရန် သီးသန့်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ ပိုင်ဆိုင်သော နိုင်ငံအရေအတွက်မှာ ၅၀ အောက်တွင်သာရှိနေဆဲဖြစ်ကြောင်း သိရပါသည်။

**ရေကဏ္ဍအတွက် အမျိုးသမီးများ၏ စွမ်းအား**

နေနှင့် လ၊ ရေနှင့် မီး၊ အဖြူနှင့် အမည်း၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း၊ အဖိုနှင့် အမ စသည့် ဆန့်ကျင်ဘက် သဘောတရားများသည် သဘာဝ၏ ဟန်ချက်ညီ တည်မြဲမှုကို ထိန်းသိမ်းထားကြခြင်းဖြစ်ပါသည်။ တစ်ခုနှင့်တစ်ခုအပြန်အလှန်ထောက်ကူ၍ တစ်ခုလိုအပ်ချက်အား အခြားတစ်ခုကဖြည့်ဆည်းပေးလျက်ရှိကြသည်။ ရေစီမံမှုများအတွက် အမျိုးသားများ၏ ခွန်အားပြည့်စုံမှု၊ နည်းပညာကျွမ်းကျင်မှု၊ ဆုံးဖြတ်ချက်ပြတ်သားမှု၊ အပင်ပန်းခံနိုင်မှုတို့သည် အရေးပါသကဲ့သို့ အမျိုးသမီးတို့၏ စနစ်တကျရှိမှု၊ ခွဲဝေသုံးစွဲတတ်မှု၊ ညှိနှိုင်းစေ့စပ်တတ်မှု၊ ထိုးထွင်းသိမြင်လွယ်မှုနှင့် အနုစိတ်ဖန်တီးတတ်မှုတို့ကလည်း များစွာအကျိုးပြုပါသည်။

**“ကျွမ်းကျင်ရာလိမ္မာ”** ဆိုသကဲ့သို့ အမျိုးသမီးများသည် မွေးရာပါသဘာဝအရ ရေစီမံခန့်ခွဲမှုနှင့်နီးစပ်ကြပြီး လူ့အသိုက်အဝန်း၏ ပင်မရေသုံးစွဲသူ ကိုယ်စားလှယ်များဖြစ်ကြပါသည်။ နိုင်ငံပေါင်း ၄၉ နိုင်ငံရှိ ရေစီမံကိန်း ၁၂၂ ခုကို လေ့လာမှုများအရ အမျိုးသမီးများပါဝင်မှုသည် စီမံကိန်းအောင်မြင်မှု၏ အရေးကြီးညွှန်းကိန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရေနှင့်ဆက်စပ်သည့် စီမံကိန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် စီမံကိန်းထိရောက်မှုအား ခုနစ်ဆအထိ ပိုမိုမြှင့်တင်ပေးနိုင်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့နိုင်ငံများ၏ ရေစီမံခန့်ခွဲမှုများတွင် အမျိုးသမီးများပါဝင်မှုကြောင့် အောင်မြင်နေသော စီမံကိန်းများစွာရှိပါသည်။ အိန္ဒိယနိုင်ငံ ဩရိဿ (Odisha) ပြည်နယ်တွင် Jal Jeeva Mission ဖြင့် ကျေးရွာရေအသုံးချမှုစနစ်တွင် အမျိုးသမီး ၅၀ ရာခိုင်နှုန်းကိုယ်စားပြုခြင်းဖြင့် အောင်မြင်လျက်ရှိသည်။ တာဂျစ်ကစ္စတန်နိုင်ငံတွင် ရေအသုံးချမှုအသင်း(WUA)နှင့် ရေအသုံးချသူများအဖွဲ့ (WUG) များကို စီမံခန့်ခွဲရန် အမျိုးသမီးများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အမျိုးသမီးခေါင်းဆောင်မှုကဏ္ဍအား ၂၅ ရာခိုင်နှုန်းအထိ တိုးတက်လာစေပြီး သီးနှံထုတ်လုပ်မှု တိုးတက်လာခဲ့သည်။ ဂျော်ဒန်၊ မော်ရိုကို၊ ကာဂျစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မိုဇမ်ဘစ် စသည့် နိုင်ငံများတွင်လည်း အမျိုးသမီးများပါဝင်မှုဖြင့် ရေကဏ္ဍ ဘက်စုံတိုးတက်လာလျက်ရှိပါသည်။

သို့ရာတွင် ရေစီမံခန့်ခွဲမှုတွင် အမျိုးသမီးများ တွေ့ကြုံရနိုင်သော ဥပဒေဆိုင်ရာ၊ ဓလေ့ထုံးတမ်းဆိုင်ရာအခက်အခဲများ ရှိနေဆဲပင်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံ ၇၀ တွင် ယနေ့အထိ လက်ခံကျင့်သုံးနေဆဲဖြစ်သော အမျိုးသမီးများအတွက် မြေယာပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်ဆိုင်ရာ အခက်အခဲများကြောင့် ရေအသုံးချမှုအသင်းများ၊ ရေစီမံခန့်ခွဲမှုများတွင် ပါဝင်ခွင့်ဆုံးရှုံးနေကြရသည်။ ပညာသင်ကြားခွင့် အားနည်းမှုကြောင့် နည်းပညာလိုအပ်မှု၊ မိသားစုအားပြုစုရသဖြင့် အချိန်ခွဲဝေရန်လိုအပ်မှုတို့သည်လည်း ကြီးမားသော အခက်အခဲများဖြစ်သည်။ ထိုအခက်အခဲများကို ဂရုတစိုက် နားထောင်နားလည်ပေးခြင်း၊ ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် အမျိုးသမီးများ၏ စွမ်းရည်ကို ဖန်တီးမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျားမတန်းတူပါဝင်စို့**

ရေဘက်စုံစီမံခန့်ခွဲမှု (Integrated Water Resource Management – IWRM) ဆိုသည်မှာ ရေသယံဇာတနှင့်ဂေဟစနစ်များအား မပျက်စီးစေဘဲ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရှိစေရေးအတွက် ရေနှင့်ဆက်စပ်သော ကဏ္ဍအသီးသီးကို ခြုံငုံစဉ်းစား၍ ရေ၊ မြေနှင့် ဆက်စပ်သယံဇာတများအား စနစ်တကျစီမံခန့်ခွဲခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေ၊ အိမ်သုံးရေ၊ စက်မှုလုပ်ငန်းသုံးရေများကို စနစ်တကျသိုလှောင်သုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေစီမံခန့်ခွဲမှုတွင်အမျိုးသမီးများ၏အခန်းကဏ္ဍကိုမြှင့်တင်ခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နည်းပညာနှင့် လူသားအရင်းအမြစ်များ တိုးတက်စေခြင်းစသည့် ရေနှင့်ဆက်စပ်သော စီမံခန့်ခွဲမှုလုပ်ငန်းများအားလုံး ပါဝင်ပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် (Sustainable Development Goal) ၁၇ ချက်အနက်မှ SDG-6 မှာ **“လူသားအားလုံး သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး (Clean Water and Sanitation)”** နှင့် SDG-5 မှာ **“ကျား၊ မတန်းတူ ညီမျှမှုရှိရေး (Gender Equality)”** ဖြစ်ပါသည်။ SDG-5 နှင့် SDG-6 အောင်မြင်မှုသည် အခြား SDG များ ရုပ်လုံးပေါ်မှုအတွက်လည်း အကျိုးရှိမည်ဖြစ်ပါသည်။ ရေသယံဇာတအရင်းအမြစ်များအား ကမ္ဘာသူ ကမ္ဘာသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် **“ကမ္ဘာ့ရေနေ့”** ကိုလည်း ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပကြလေ့ရှိပါသည်။

မြန်မာနိုင်ငံတွင် **အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (National Water Resources Committee – NWRC)** ကို ဖွဲ့စည်း၍ ဘက်စုံရေစီမံခန့်ခွဲမှုအား စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေဥပဒေ (National Water Law) ရေးဆွဲအတည်ပြုနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ကော်မတီက ရေအရင်းအမြစ်များထိန်းသိမ်းရေး၊ ရေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်လျက်ရှိသည်။ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းပေးလျက် ရေအသိပညာပေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့လူဦးရေ ၅၆ ဒသမ ၂ သန်းတွင် ၂၉ သန်းကျော်သည် အမျိုးသမီးများ ဖြစ်ပါသည်။ ထိုအမျိုးသမီးတို့၏စွမ်းအားသည် လွန်စွာတန်ဖိုးရှိသည်ဖြစ်ရာ အမျိုးသမီးကဏ္ဍတိုးတက်ရေးအတွက် **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို** ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်း၍ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ(NWRC)၊ ရေအသုံးချသူများအသင်း (WUA)၊ ရေအသုံးချသူများအဖွဲ့(WUG)၊ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်(PIM) စသည့်ရေဆိုင်ရာ ကော်မတီ၊ အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပူးပေါင်းပါဝင်ခြင်းဖြင့် ရေကဏ္ဍစုံ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ရေကဏ္ဍစုံဖွံ့ဖြိုးမှုသည် လူတစ်ဦးချင်းစီမှ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးမှုအထိ အရေးပါလှပါသည်။ ရေအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြီးငယ်မရွေး ကျား၊ မ မဟူ လူမျိုးဘာသာမခွဲခြား လူသားအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်ဖြစ်ပေရာ **“ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျားမတန်းတူပါဝင်စို့”** ဟု ၂၀၂၆ ခုနှစ် ကမ္ဘာ့ရေနေ့အား ကဗျာတစ်ပုဒ်ရေးဖွဲ့၍ နှုတ်ဆက်ဂုဏ်ပြုအပ်ပါသည်။

**“ရေ”**

* အမေ့မီးဖိုချောင်ကနေ
ကမ္ဘာ့ငြိမ်းချမ်းရေး မူဘောင်အထိ
ရေဟာ အဓိကဇာတ်ဆောင် ဖြစ်ပါသတဲ့....။
* အသက်ဇီဝ၊ စိတ်သုခနှင့်
လူနေမှုဘဝအားလုံး၊ သူက စုရုံးခြယ်လှယ်...။
* မြစ်တွေခန်းခြောက်၊ ကန်တွေပျောက်လို့
မိုးပေါက်တွေ နည်းလာတဲ့အခါ....။
(ဟိုမှာ....) ရေသယ်အိုးက ခိုးယူသွားတဲ့
သမီးလေးရဲ့ ကြိုးစားရမယ့် စာသင်ချိန်တွေ...။
မိုးခေါင် ရေပြတ်နေကြတဲ့
ခြောက်ကပ်ကပ် စပါးခင်းတွေ.....။
* လယ်ယာတွေ စိမ်းစိုလက်လို့
ပုခက်လွှဲလက်တွေ သန်မာတဲ့အခါမှသာ
ကမ္ဘာမြေဟာ အစစ်အမှန် သာယာပါသတဲ့။
(ဒါ့ကြောင့်) ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မ တန်းတူ
ပါဝင်ကြပါစို့။ ။

ရည်ညွှန်း – **www.unwater.org, www.who.int, www.unicef.org, waterknowledge hub.org,**
**www.fao.org, www.unwomen.org, population.un.org,**
**Jenniskens, A. (2022). With Women Better Results in Water Manage–ment.**

## တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ



**ဟားခါး မတ် ၂၀**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဟားခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ ဝုန်ဆွန်းထန်ကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာကာသဘာပတိရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက အစည်းအဝေးကို ကြီးကြပ်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပလက်ဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကောလ်လျန်ထန်းအား လည်းကောင်း၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်စင်ဦးအား ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး၍ သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော် အစည်းအဝေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**လွိုင်ကော် မတ် ၂၀**




တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်းကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် သဘာပတိက ပြည်နယ်လွှတ်တော်ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သဘာပတိက တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၆)ဦးရှိသည့်အနက် ကိုယ်စားလှယ် အားလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် ကယားပြည်နယ် လွှတ်တော် ပထမအကြိမ်ပုံမှန် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ လွိုင်ကော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ကိုယ်စားလှယ် ဦးမော်ရယ်ကို လည်းကောင်း၊ ဘော်လခဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ကိုယ်စားလှယ် ဦးစိုးရယ်ကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကို တာဝန်လွှဲအပ်သည်။ ယင်းနောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး ကျင်းပ

**မော်လမြိုင် မတ် ၂၀**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် သဘာပတိအဖြစ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်သိန်းကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထို့နောက် သဘာပတိက လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာ၌ မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသက်ထွေးကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ရေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းအောင်မြင့်ကို ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့ကြပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက်ပြည်နယ်လွှတ်တော်သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခဲ့ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**






## တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး ကျင်းပ

**ဘားအံ မတ် ၂၀**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ပျက်ကွက်သူမရှိ ရာနှုန်းပြည့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးစောမြင့်ဦးအား သဘာပတိအဖြစ် တင်မြှောက်ကြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း သဘာပတိက ကြေညာကာ သဘာပတိ ရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက အစည်းအဝေးကို ကြီးကြပ်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် သံတောင်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစန်းကိုအား လည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် မြဝတီမြို့နယ် လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးအေးမင်းထွေးအား လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး၍ သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ကာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစန်းကိုက နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့) ကျင်းပ

ထားဝယ် မတ် ၂၀

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦး ရှိသည့်အနက် ၂၈ ဦး တက်ရောက်ခဲ့သဖြင့် တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(ပထမနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် စောမာတင်လူသာအား သဘာပတိအဖြစ် တင်မြှောက်ခဲ့ကြပြီး လွှတ်တော်တွင် သဘာပတိက နှုတ်ခွန်းဆက် စကား ပြောကြားသည်။

ထို့နောက်သဘာပတိရှေ့မှောက်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဦးမြတ်ကို ထားဝယ်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အား တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးခင်မောင်မြင့် ရေဖြူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အား တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ တိုင်းဒေသကြီးလွှတ်တော်သဘာပတိက လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

မုံရွာ မတ် ၂၀

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက နန်းယွန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းကို သဘာပတိအဖြစ် တင်မြှောက်ပြီး သဘာပတိက တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၈၅ ဦးစလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပထမ ပုံမှန်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လှိုင်မြင့်အား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးသန့်အား ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။



ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယ ဥက္ကဋ္ဌတို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်ထံ တာဝန်လွှဲအပ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ



ပဲခူး မတ် ၂၀

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေကြီးလွှတ်တော် ကိုယ်စားလှယ်များက ရွှေတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်မင်းဆွေ (ခ) ဦးထွန်းထွန်းဦးကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ပြီး သဘာပတိက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၇၆ ဦး ရှိသည့်အနက် လွှတ်တော်ကိုယ်စားလှယ်များ ရာနှုန်းပြည့် တက်ရောက်လာသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးကိုစတင်ကျင်းပကြောင်းကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) မှ ဦးအောင်ချိုဦးအား တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်မှ ဦးကျော်ဌွေးအား တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် သဘာပတိက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးထံ တာဝန်လွှဲအပ်ခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့) ကျင်းပ

မန္တလေး မတ် ၂၀

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို မတ် ၂၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖြစ် ပြည်ကြီးတံခွန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ကို တင်မြှောက်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုကာ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် မိတ္ထီလာမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရမည်းသင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်တို့အား ရွေးကောက်တင်မြှောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုကာ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ကြပြီး သဘာပတိက လွှတ်တော်ဥက္ကဋ္ဌထံသို့ တာဝန်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့) ကျင်းပ

**ပုသိမ် မတ် ၂၀**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက လေးမျက်နှာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဝင်းနိုင်အား သဘာပတိအဖြစ် တင်မြှောက်ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးသိန်းထွန်းအား လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးဇောသက်နိုင်ဦးအား လွှတ်တော်ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပြီး သဘာပတိကလွှတ်တော်ဥက္ကဋ္ဌထံသို့ တာဝန်လွှဲအပ်သည်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့) စတင်ကျင်းပ

**မြစ်ကြီးနား မတ် ၂၀**

ကချင်ပြည်နယ်လွှတ်တော်၏ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ပြည်နယ်လွှတ်တော်သဘာပတိအဖြစ် မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) ဒေါက်တာသန်းဌေးအောင်အား တင်မြှောက်ကြသည်။

ထို့နောက် သဘာပတိက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကြောင်းကြေညာပြီး လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ သဘာပတိက မချမ်းဘောမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးရားဝမ်ဂျူးအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ မိုးညှင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးသန်းထွန်းအေးအား ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာပတိက ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူးထံ တာဝန်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**စစ်တွေ မတ် ၂၀**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်သဘာပတိအဖြစ် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိုင်ဦးအား သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်ပြီး သဘာပတိက တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့) စတင်ကျင်းပကြောင်းနှင့် အထမြောက်ကြောင်း ကြေညာသည်။ ယင်းနောက် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ စစ်တွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာခန်းရွှေအား လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြေပုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာထင်လင်းဦးအား ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား သဘာပတိက တာဝန်လွှဲအပ်ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**တောင်ကြီး မတ် ၂၀**

တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များက နမ့်စန်မြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁) ဦးလင်းအောင်ဆွေအား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် သဘာပတိက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၃၂ ဦးရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့် အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။ ဆက်လက်၍ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းလုံကျော်နှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းထွန်းစိန်တို့အား တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။



ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကာ ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပြီး သဘာပတိက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ တာဝန်လွှဲအပ်သည်။

ယင်းနောက် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်း ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်**

## တောင်ခမ်းဆီမှ အောင်ပွဲအလီလီသို့ ...

❖ ၂၀၂၅၊ တိုက်ပွဲများဘိ
ပစ်အားသုံးကာ၊ တိုက်ခိုက်လာပြီး
ကျကာလောက်ကိုင်၊ လားရှိုးယိုင်လျက်
ခိုင်မာစစ်စခန်း၊ မှောင်ရိပ်သန်း၍
တောင်ခမ်းမြေပါ၊ ရောက်ရှိလာသော်
ကာကွယ်စစ်ပြင်၊ တိုက်စစ်ဆင်ရင်း
ပင်မထိုင်ထား၊ အမြောက်များဖြင့်
ပစ်အားသုံးကာ၊ တိုက်ခိုက်ပါသည်
ဘာမထီများ ရဲဝံ့အား ...။

❖ တောင်ခမ်းမှသည်၊ ပြင်ဦးလွင်ဆီသို့
ချီတက်သိမ်းပိုက်၊ ရည်ရွယ်တိုက်၍
မိုက်ချက်ကမ်းကုန်၊ အို...သူပုန်တို့
ပင်လုံလှိုင်လင်၊ ဆနင်းဂွင်မှ
ဝင်ရောက်ဟိုပုံး၊ အတင်းလုံးကာ
ထုံးဘိုအောင်ပန်း၊ ကလောစခန်းထိ
ဖြတ်သန်းဝင်ရန်၊ အကြံညာဏ်ဖြင့်
တိုက်ရန်ပြင်ဆင်၊ ချီစစ်သွင်နှင့်
တီထွင်ဒရုန်း ပစ်အားသုံး ...။

❖ စစ်မြေပြင်တွင်၊ မှတ်ကျောက်တင်ဖို့
ပြင်ဆင်ခံစစ်၊ ခွန်အားသစ်နှင့်
စစ်မက်စစ်ထိုး၊ တိုက်စစ်တိုးအောင်
မျိုးစုံစီမံ၊ ရန်သူ့အကြံကို
ဖျက်ရန် ကြိုးစား၊ တပ်ပစ်အားနှင့်
တားဆီးပစ်လုံ၊ အုပ်ဆက်ယုံပြီး
အကုန်ပစ်ခတ်၊ ပစ်အားထပ်လျက်
စစ်ချပ်ခဲယမ်း၊ ပြည့်အဝှမ်းဝယ်
လွှမ်းခြုံ၍လာ တောင်ခမ်းမှာ ...။

❖ TNLA ၊ တိုက်ကြလေလည်း
သေကျေဒဏ်ရာ၊ ကျိုးပဲ့ကာနှင့်
ဆုတ်ခွာ၍သာ၊ ထွက်ပြေးပါပြီ
ကျိုးကာတိုက်စစ်၊ ရိုက်ချိုးပစ်၍
စစ်သည်အများ၊ ရဲဝံ့အားက
တားဆီးမရ၊ ပေါက်ကွဲပြရင်း
ငါ့နိုင်ငံသား၊ တပ်မတော်အားတွက်
များစွာစွမ်းရည်၊ စိတ်ဓာတ်တည်လျက်
ပီပြင်ခံစစ် ခွန်အားသစ် ...။

❖ ဩော် ...
ရှေ့တန်းမြေမှ၊ အစွမ်းပြကာ
တိုက်ကြစွန့်စား၊ ဇာနည်ဘွားတို့
ပြတ်သားရဲရင့်၊ အားမာန်ဝင့်၍
တင့်တယ်လှပ၊ တိမ်အလှနှင့်
ပနံရကာ၊ ပန်းဝေဆာပြီ
ခုခါပွင့်လန်း၊ ချယ်ရီပန်းနှင့်
တောင်ခမ်းမြေသည်၊ ရှေ့ဆက်ချီလျက်
သီကျူးတေးသံ၊ မိုးသို့လျှံပြီး
နိုင်ငံအနှံ့၊ အောင်စိတ်ပျံ့၍
ရပ်တန့်မနေ အောင်စိတ်တွေ။
သက်သေထူပေ တောင်ခမ်းမြေ ...။ ။

တောင်ခမ်းတိုက်ပွဲမှ သူရဲကောင်းများနှင့်
(၈၁)နှစ်မြောက် တပ်မတော်နေ့သို့
ဂုဏ်ပြုရေးဖွဲ့ပါသည်။

**ရဲမင်းစိုး**

## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



ရန်ကုန် မတ် ၂၀

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး လွှတ်တော်အဆောက်အအုံ အစည်းအဝေး ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မရမ်းကုန်းမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းထွန်းအား သဘာပတိအဖြစ် တင်မြှောက်သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ သဘာပတိက တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်စိုးတို့အား ရွေးချယ်ကြောင်း သဘာပတိက ကြေညာသည်။

ထို့နောက် သဘာပတိက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်ထံ တာဝန်လွှဲအပ်ကာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးစတင်သည့်နေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၂၀

၂၀၂၆ ခုနှစ် မတ် ၂၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၉) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ဌာနဆိုင်ရာများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အခမ်းအနားနှင့် (၇၅)နှစ်မြောက် သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ် အခမ်းအနားများကို ပူးတွဲပြီး အနှစ်သာရပြည့်ဝစွာ တစ်ပြိုင်နက်တည်း ကျင်းပသွားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် သစ်ပင်၊ သစ်တောနှင့် ဂေဟစနစ်မျိုးစုံ၏ အရေးပါမှုကို ပိုမိုသိရှိနားလည်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ် မတ် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ "International Day of Forest" အဖြစ် ၂၀၁၂ ခုနှစ်တွင် စတင် သတ်မှတ်ပေးခဲ့ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ "သစ်တောများနှင့်စီးပွားရေး (Forests and Economies)" ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနက ၁၉၅၁ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် သစ်တောကြေးမုံ စာစောင်သည် ယခုအခါ ၇၅ နှစ်မြောက် (စိန်ရတု) အထိမ်းအမှတ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သစ်တောကြေးမုံ စာစောင်တွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်း၊ ဆောင်းပါးတို့ကို အတွေ့အကြုံရင့်ကျက်သည့် သစ်တောဝန်ထမ်းအငြိမ်းစားများ၊ လက်ရှိသစ်တောဝန်ထမ်းများက ရေးသားထားပြီး အခြားကဗျာ၊ ကာတွန်းများတွင် ခေတ်ပုံကဏ္ဍစုံအောင် ဖော်ပြ၍ လစဉ်ထုတ်ဝေခဲ့ရာ စာစောင်ပါ အသိပညာများသည် နောင်လာနောက်သားများအထိ အကျိုးဖြစ်ထွန်းစေကြောင်း ပြောကြားသည်။

အစီအစဉ်အရ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဆင့်တို့က အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ Keynote Presentation ကိုရှင်းလင်းတင်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့် သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ်ဗီဒီယိုကို ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးက ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့် သစ်တောကြေးမုံစိန်ရတု အထိမ်းအမှတ်ပြခန်းနှင့်ပိုစတာများကိုလှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စာတမ်းသုံးစောင် ဖတ်ကြားပြီး "သစ်တောနှင့် စီးပွားရေး" ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၂၀ နှင့် အမျိုးသမီး တစ်ဦး၊ AA အဖွဲ့ဝင် အမျိုးသား တစ်ဦး ပေါင်း ၂၂ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၂၀ နှင့် အမျိုးသမီးတစ်ဦး၊ AA အဖွဲ့ဝင် အမျိုးသားတစ်ဦး စုစုပေါင်း ၂၂ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည်။




အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်း လာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ ရွှေကျင်မြို့မှ အမျိုးသား တစ်ဦး၊ ရွှေတောင်မြို့မှ အမျိုးသား တစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား သုံးဦး၊ ပန်းတောင်းမြို့မှ အမျိုးသား ခြောက်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား နှစ်ဦး၊ မင်းလှမြို့မှ အမျိုးသား တစ်ဦး၊ ဖြူးမြို့မှ အမျိုးသားတစ်ဦး၊ ပေါက်ခေါင်းမြို့မှ အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၂၁ ဦး နှင့် အမျိုးသမီးတစ်ဦးတို့ အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကား ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M4 သေနတ်နှစ်လက်၊ MA1 သေနတ် သုံးလက်၊ MA3 နှစ်လက်၊ MA4 သေနတ် တစ်လက်၊ AK47 သေနတ် တစ်လက်၊ T-81 သေနတ် တစ်လက်၊ ပစ္စတို နှစ်လက်၊ လေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၅၆၉ တောင့်၊ ကျည်အိမ် ၁၆ ခု၊ လက်ပစ်ဗုံး လေးလုံး၊ ၄၀ မမဗုံးသီး ခုနစ်လုံး၊ ခဲဖူး ၈၈ ခုတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်အတွက် ဆုကြေးငွေသိန်း ၅၀ နှုန်းဖြင့် ၁၀ လက်အတွက် ငွေကျပ်သိန်း ၅၀၀၊ ပစ္စတိုတစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၃၀ နှုန်းဖြင့် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၊ လေသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံး တစ်လုံးစီ အတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံး လေးလုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထပ်မံထောက်ပံ့ပေးအပ်ရာ (အပေါ်ပုံ) ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ ကိုယ်စား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ခံဝန်ကတိလက်မှတ်ရေးထိုးစေ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ BPLA မှာ တာဝန်ထမ်းဆောင်ပါတယ်။ ကျွန်တော့်သူငယ်ချင်းနဲ့ နှစ်ယောက် လားရှိုးကို သွားရင်းနဲ့





လားရှိုးမှာ အဖမ်းခံရတာပါ။ အရပ်သားအစိုးရပေါ်လာရင်တော့ လက်နက်ချပြီး လက်နက်ပြန်အပ်ကြမယ်။ တဖြည်းဖြည်းနဲ့ နေပါများလာတော့လည်း သိလာတယ်။ ကျွန်တော်တို့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာပြီးတဲ့ အချိန်မှာ စပြီးတော့ ကျွန်တော့် သူငယ်ချင်းတွေအားလုံး စရောက်ကတည်းက လွတ်လွတ်လပ်လပ် ထားတယ်။ လိုလေသေးမရှိအောင် ထားပေးတယ်။ အဆက်အသွယ်မရှိတဲ့ လူတွေအားလုံးကိုလည်း မိဘတွေနဲ့ အဆက်သွယ်ရအောင် လို့ ဝိုင်းဝန်းကူညီပေးကြတယ်။ စားနပ်ရိက္ခာ ထောက်ပံ့တာကတော့ AA ကထောက်ပံ့ပါတယ်။ ကျွန်တော်ဆိုရင် ရှေ့တန်းစစ်မြေပြင် ရောက်လာတဲ့အချိန်မှာ ကြုံသလို စားရတယ်။ တချို့ရက်တွေမှာကျတော့ အန္တရာယ် အလွန်များတဲ့ ရက်တွေမှာလည်း အချိန်ကုန်သွားတော့ မစားရတဲ့ ရက်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ကျန်တဲ့ သူငယ်ချင်းတွေအားလုံးကို အချိတ်အဆက်လုပ်ဖို့လည်း ရှိပါတယ်။ သူတို့လည်း ပထမတုန်းက ကျွန်တော်နဲ့ အတူတူ ထွက်လာဖို့ပဲ။ ဒါပေမဲ့ အခက်အခဲတွေက အများကြီးရှိတယ်။ Campaign လုပ်တာတွေ ဘာတွေကျတော့ ဝင်ပြီးကူညီပေးရတယ်။ အထက်ပိုင်းက လူတွေပဲ စီစဉ်ကြတယ်။ ကျွန်တော်တို့ဆီမှာ အောက်ခြေရဲဘော်တွေက အဲဒီအကြောင်းတွေကို ဘာမှ မသိရဘူး။

၂။ Fire Dragon တပ်ဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ၉ လပိုင်းလောက်က ရောက်တာပါ။ ကျောင်းမတက်နဲ့ ဘာမှမဖြစ်ဘူး။ သူတို့မြူဆွယ်တာပေါ့။ သင်တန်းတက်ခဲ့ရတဲ့ ကာလအခြေအနေကတော့ ၉ လပိုင်းလောက်က တက်ခဲ့ရတာပါ။ ခက်ခဲကြမ်းတမ်းခဲ့တာပေါ့။ ကျဆုံးမှုကတော့ ပွဲတိုင်းလိုလို ရှိပါတယ်။ ကျဆုံးသွားတဲ့ ရဲဘော်တစ်ယောက်ကို အချိန်မပေးဘူး။ ဖြစ်သလိုပဲ သင်္ဂြိုဟ်လိုက်တယ်။ ခါးသီးတဲ့ အမှတ်တရတွေ ကတော့ အများကြီးပါ။ အထက်အောက်ငယ်သား တအားဖိတယ်ပေါ့။ ဖိနှိပ်မှုတအားများတယ်။ သူတို့စိတ်နဲ့ ကိုယ့်ကိုယ်ဖြစ်နေတဲ့ ပုံစံဖြစ်နေတာပါ။ ကိုယ့်စိတ်ကို မပိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူး။ အဲဒီလိုဖြစ်နေတဲ့ ပုံစံပါ။ မနေချင်တော့ဘူး။ ပထမတစ်ခေါက် ကြိုးပမ်းခဲ့သေးတယ်။ မအောင်မြင်ဘူး။ ထပ်စဉ်းစားပြီးတော့ တပ်မတော်နဲ့ ချိတ်ဆက်မှုရခဲ့တာပါ။ ညီလေးနဲ့အတူ နှစ်ဦးပါတယ်။ အမျိုးသမီး ကိုယ်ဝန်ဆောင် တစ်ယောက်နဲ့ သုံးဦးပါ။ ကျွန်တော်ဆိုရင် တစ်လလောက် အိပ်ရာထဲမှာပဲ လဲနေတာ။ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ ပထမတစ်ခေါက် မိသွားတော့ ကျွန်တော့်ကို ထုထောင်းရိုက်နှက်တာတွေ လုပ်တယ်။ တစ်လလောက် ဆေးခန်းမှာ ဆေးကုလိုက်ရတယ်။ တစ်လလောက် လမ်းမလျှောက်နိုင်ဘူး။ ကျွန်တော် လမ်းလျှောက်နိုင်တဲ့ အချိန်ရောက်တော့ ကျွန်တော့်မိသားစုနဲ့ ဆက်သွယ်တယ်။ ကျွန်တော့် အမျိုးသမီးနဲ့ ဆက်သွယ်ပြီးတော့ ဖုန်းလေးတစ်လုံးလောက် ကျွန်တော်ခိုးပြီးတော့ ယူထားတယ်။ အဲဒီကနေမှ တပ်မတော်နဲ့ ချိတ်ဆက်လို့ရအောင် ကျွန်တော့်အမျိုးသမီးကို ပို့ခိုင်းတယ်။ ကျွန်တော့်အမျိုးသမီးကနေမှတစ်ဆင့် တပ်မတော်နဲ့ ချိတ်ဆက်ပေးတယ်။ ချိတ်ဆက်ပြီးတော့ အဲဒီကမှတစ်ဆင့် ကျွန်တော်တို့ ရဲဘော်သုံးယောက်တိုင်ပင်ပြီးတော့ လာခဲ့တာပါ။ အဖွဲ့ဝင် နာမည်တွေသုံးတယ်။ ပြီးတော့ အဖွဲ့အစည်းအပေါ် အသုံးချပြီးတော့ ကိုယ်ကျိုးအတွက် အသုံးချတယ်။ သူတို့ကြောင့်ဆိုပြီးတော့ တော်တော်များများ အိမ်တွေ ပျက်စီးတာတွေရှိတော့ ပြည်သူတွေကနေ ငြိုငြင်လာတာတွေ အများဆုံးတွေ့ နေရတာပါ။ အတတ်နိုင်ဆုံး ကျန်နေခဲ့တဲ့ ကျွန်တော့်ရဲ့ ညီလေးတွေ၊ အစ်ကိုတွေပါ ကျွန်တော်ပြန်ပြီးတော့ ရအောင် ပြန်ဆွဲထုတ်ပေးမယ်။ ကျွန်တော်လည်း ပထမတုန်းက တွေဝေနေတာပဲ။ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်တယ်။ အလင်းဝင်လာတယ်ဆိုတာတော့ အခုလိုမျိုး နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် တော်တော်လည်း ကျေးဇူးတင်ပါတယ်။ ပထမကတော့ ဒီလိုမျိုး မထင်ခဲ့ဘူး။ သူတို့ရဲ့ ဝါဒမှိုင်းတွေကြောင့် အလင်းဝင်တဲ့သူတွေ ဒီလိုထွက်ပြေးလာတဲ့သူတွေကို သူတို့က တပ်မတော်ဘက်က မိရင် သတ်ဖြတ်တာတွေ၊ ရိုက်နှက်တာတွေ၊ ထုထောင်းတာတွေ၊ မေးမြန်းပြီးတော့ သတ်ဖြတ်တယ်ဆိုပြီး သူတို့ကအဲဒီလို မှိုင်းတွေတိုက်ထားတော့ ကျွန်တော်တို့ အခုပြေးမယ့် လူငယ်တွေ၊ အလင်းဝင်မယ့် လူငယ်တွေ၊ ထွက်ချင်တဲ့ လူငယ်တွေကျတော့ အဲဒါတွေကို ကြောက်ပြီးတော့ သူတို့ မလာရဲကြဘူး။ အဓိကကတော့ မကြောက်ပါနဲ့လို့ပြောတာ။ ဒီဘက်မှာ လက်နက်ပါပါ မပါပါ နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ အကောင်းဆုံးကတော့ ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်ကို ကိုယ့်ရဲ့ကိုင်ဆောင်ထားတဲ့ လက်နက်တွေကို ပြန်အပ်နှံတာ အကောင်းဆုံးပါပဲ။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၈ ရက်တွင် ဘားအံမြို့နယ် လွန်းညကျေးရွာ၌ ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၅၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၃၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်ခြောက်စီး၊ လိုင်စင်ရှိယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်တွင် မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၆ ဒသမ ၃၂၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၄၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ပဲခူးမြို့နယ် သနပ်ပင်-မင်းရွာကားလမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်နှင့် ၁၅ ရက်တို့တွင် စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့အတွင်း၌ ယာဉ်ခုနစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁၂ ဒသမ ၃၈၁ တန်၊ သစ်မာ ၁ ဒသမ ၂၄၈ တန်၊ အခြားသစ် ၅၇ ဒသမ ၆၆၈ တန်(ခန့်မှန်းတန်ဖိုးငွေ ၃၁၈၅၁၃၈၄ ကျပ်)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်ခြောက်စီး၊ လိုင်စင်ရှိယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၃၈၈၅၁၃၈၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၁၂ ဂါလန်၊ ဓာတ်ဆီ ရှစ်ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၅၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Win Myanmar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၄၃၆၅၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နှင့် တာမွေမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၃၂၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၂၄၀၀)နှင့် လိုင်စင်မဲ့သစ်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၂၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ဟိုပုံးမြို့နယ် မြို့ဝင်/ထွက်တိုးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ် လွယ်တောင်းကျေးရွာ၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ် နေမင်းရောင်စစ်ဆေးရေးဂိတ်၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်းရှစ်မျိုး၊ လျှပ်စစ်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂၀၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်ရှိယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၀၀၀၀၀)ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် သစ်တောရပ်ကွက်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၈၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ လားရှိုးမြို့နယ် ရပ်ကွက် (၈) သိန္နီလမ်းမပေါ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကိုလည်းကောင်း၊ လားရှိုးမြို့နယ် ရပ်ကွက် (၁)အနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်ရှိယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၉၉၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်တွင် ဇလွန်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၄၈၀ တန်၊ အခြားသစ် ၁ ဒသမ ၂၆၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၇၁၇၂၂၈ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မအူပင်မြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၅၉၇၂၂၈ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Dump Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၂၆၁၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၂၄၂၁၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

မတ် ၁၈ ရက်တွင် မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စစ်တောင်းတံတား(သံတံတား) စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Hino Ranger ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ ဆာလာအိတ် ၄၀ အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀၀) အမှုတွဲတစ်မှုကို သိမ်းဆည်းရမိခဲ့သည်။ ယင်းအပြင် မတ် ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးမှ သိမ်းဆည်းရမိမှု အမှုတွဲ တစ်မှု၊ ရန်ကုန်တိုင်းဒေသကြီးမှ သိမ်းဆည်းရမိမှု အမှုတွဲ ၁၂ မှု စုစုပေါင်း အမှုတွဲ ၁၄ မှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၃၉၁၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အမှုတွဲဖွင့်လှစ် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မတ် ၁၁ ရက်၊ ၁၂ ရက်၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် မူးယစ်ဆေးဝါး သိမ်းဆည်းရမိမှု အပါအဝင် စုစုပေါင်းမှာ အမှုတွဲ ၇၈ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၇၆၂၄၃၂၉၈၁၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေသည့်အပြင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးခြင်းကြောင့်လည်း လူသားမျိုးနွယ်အတွက် လူညွန့်တုံးပျက်စီးစေသည့် အန္တရာယ်များ ဖြစ်ပေါ်စေနိုင်၍ ၎င်းတရားမဝင် တင်သွင်းမှုများနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၂၀

မိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မိန်းကလေးနှစ်ဦးသည် မြောက်ဥက္ကလာပမြို့နယ်ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်ရာ တစ်နေ့လျှင် ငွေကျပ် ၅၀၀၀ သာ ရရှိသဖြင့် အလုပ်မှထွက်ပြီး အခြားအလုပ်အကိုင်ရှာဖွေနေစဉ် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ နှင်းဝေဖြိုး(ခ)မနှင်းနှင့်တွေ့ဆုံခဲ့ရာ မနှင်းဝေဖြိုးက တရုတ်နိုင်ငံသားနှင့် လက်ထပ်မည်ဆိုပါက တစ်ဦးလျှင် ငွေကျပ် သိန်း ၈၀ စီရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆို၍ အတူပေါင်းသင်းနေထိုင်ရမည်၊ တရုတ်နိုင်ငံသို့ နိုင်ငံကူးလက်မှတ်ပြုလုပ်၍ လေယာဉ်ဖြင့် ပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုခဲ့၍ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ကာ တရုတ်အမျိုးသားတစ်ဦးထံ ပို့ပေးခဲ့ကြောင်း။

ထို့နောက် နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရာ အဆင်မပြေသဖြင့် ရန်ကုန်-မန္တလေး-မြစ်ကြီးနားမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်းပြောဆို၍ အောင်မင်္ဂလာကားဝင်းသို့ ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိသဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ သင်္ဃန်းကျွန်းမြို့မ ရဲစခန်း(ပ)၆၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ် ၁၈ ရက်တွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးမှ တရားခံ နှင်းဝေဖြိုး(ခ)မနှင်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





မူဆယ်မြို့ တော်ရွက်ရပ်ကွက်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိသည့် အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား ဖမ်းဆီးရမိသည့် အဆောက်အအုံကို တွေ့ရစဉ်။





လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား တွေ့ရစဉ်။



လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

■ ကျောဖုံးမှ

ထိုသို့ဆောင်ရွက်ခဲ့ရာ ကောင်းမှုတုံရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၈၅ ဦးကို ဖုန်းမျိုးစုံ ၂၈၆ လုံး၊ ကွန်ပျူတာအလုံး ၃၀၊ Laptop ၂၈ လုံး၊ အဆောက်အအုံတစ်လုံးတို့နှင့်အတူ လည်းကောင်း၊ တော်ရွက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၄၆ လုံး၊ ကွန်ပျူတာ ၁၈ လုံးတို့ကိုလည်းကောင်း၊ စွမ်စော်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံး အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၈၅ လုံး၊ ကွန်ပျူတာ ၁၀ လုံးတို့ကိုလည်းကောင်း အသီးသီးဖော်ထုတ်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး တစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယနေ့ညနေပိုင်း၌ အဆိုပါကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာတွင် အလျားပေ ၁၃၀၊ အနံ ပေ ၅၀ ရှိ အဆောက်အအုံ နှစ်လုံး၊ အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ လူနေအဆောက်အအုံ သုံးလုံး၊ အလျားပေ ၆၀ ၊ အနံပေ ၃၀ ရှိ လူနေအဆောက်အအုံ သုံးလုံး၊ အလျားပေ ၁၅၀ ၊ အနံပေ ၅၀ ရှိ ဂိုဒေါင် တစ်လုံး၊ အလျားပေ ၁၈၀ ၊ အနံပေ ၆၀ ရှိ အဆောက်အအုံ တစ်လုံး၊ Starlink ၁၀ လုံး၊ All in One ကွန်ပျူတာ ၅၅ လုံး၊ Power Station ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်လျက်ရှိသည့် ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရမိဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ မြန်မာနိုင်ငံမှ

အဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင်ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောလမ်းအနီးတစ်ဝိုက်တွင် မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်းနေထိုင်လျက်ရှိကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါလမ်းရှိ အထည်ချုပ်စက်ရုံဟောင်းအတွင်း ပုန်းအောင်းနေသည့် တရုတ်နိုင်ငံသား အမျိုးသား ၆၁ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၆၂ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားများအား သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောလမ်းရှိ အထည်ချုပ်စက်ရုံဟောင်းအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၆၂ ဦး ဖမ်းဆီးရရှိမှုနေရာပြပုံ။

## မှော်ဘီမြို့နယ်၌ IYF Cleaning Campaign ကျင်းပ



**မှော်ဘီ မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းက ဦးစီး၍IYF Cleaning Campaign ကို ယနေ့နံနက်ပိုင်းက ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးဝင်းစိုးက အမှာစကားပြောကြားပြီး YUFL ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာကြည်ရွှင်၊ မြန်မာ့ခရီးသွားဘဏ်(MTB) ၏ CEO ဦးဝင်းလွင်တို့က ဂုဏ်ပြုစကားပြောကြားကာ HOPE ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ Dr.Gam Moon က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ HOPEကိုယ်ပိုင်အထက်တန်းကျောင်းမှ လူရည်ချွန်မောင်ဖွဲ့သီဟအား မှော်ဘီမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးအောင်ခိုင်သန်းက ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းမှIYF Cleaning Campaign ကို HOPE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော်တို့က ရုံးပေါင်းစုံလမ်းအတွင်းဆောင်ရွက်ခဲ့ကာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနက အာဟာရများကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများက မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက သီရိမင်္ဂလာရပ်ကွက်ရှိ သုခပြည့်စုံဆေးရုံ၌ မီးဘေးအသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။ နေအောင်(ပြန်/ဆက်)

# ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၃) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၀

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၃) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုနိုင်သည့် အရည်အချင်းပြည့်မီသော စာရင်းကျွမ်းကျင်သူများ တိုးပွားလာစေရန် မြန်မာနိုင်ငံစာရင်းကောင်စီမှ အရည်အချင်းပြည့်ဝသည့် စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများအား စဉ်ဆက်မပြတ် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းသားများသည် နိုင်ငံတော်၏ စာရင်းနယ်ပယ်ကဏ္ဍအတွက် ခွန်အားသစ်များ ဖြည့်ဆည်းပေးမည့် မျိုးဆက်သစ်လူငယ်များဖြစ်သဖြင့် လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းလိုက်နာပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင် သွားကြရမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များသည် သိသင့်သိထိုက်သည်များကို ခြုံငုံမိအောင် သင်ကြားပေးခဲ့ခြင်းဖြစ်သဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချစေလိုကြောင်း၊ ထို့အပြင် ယခုသင်တန်းသည် စာရင်းပညာရှင်အဆင့်သို့ တက်လှမ်းနိုင်မည့် သင်တန်းတစ်ခုလည်းဖြစ်ရာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဟန်ချက်ညီစွာ ကြိုးစားအားထုတ် လေ့လာဆည်းပူးသွားကြရန်နှင့် ပြောင်းလဲတိုးတက်နေသည့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားကြရန်၊ နိုင်ငံ့အကျိုး၊ ဌာနအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းမှ သင်တန်းသား ၂၂ ဦး၊ ရန်ကုန်သင်တန်းကျောင်းမှ သင်တန်းသား ၁၄ ဦး စုစုပေါင်း သင်တန်းသား ၃၆ ဦး တက်ရောက်ကြသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ ဒုတိယ စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက နဝရတ်ခန်းမ၌ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းအလုပ်အမှုဆောင်များ၊ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများ၊ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



နေပြည်တော် မတ် ၂၀

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖



# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပဲခူး မတ် ၂၀

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကို ကြိုဆိုသောအားဖြင့် ခရိုင်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်နှင့် သစ်တောကြေးမုံ (၇၅)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဗီဒီယိုများကိုကြည့်ရှု၍ ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြရာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးချမ်းမြေ့အောင်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မောင်ချမ်းမြေ့(သစ်တော)

# ကျိုက်ထိုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကျိုက်ထို မတ် ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျိုက်ထိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကံစောလှိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းအောင်နိုင်က အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် Power Point Presentation အား ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။



ဦးစွာ မင်္ဂလာတောင်ညွန့်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်က ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာနှင့် ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

မြတ်မြတ်အေး(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ်၌ ဇဟိုမိုဘိုင်းစက် ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေး

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက မြောက်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာန ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်သင်းသင်းမိုးနှင့် တွဲဖက်မြို့နယ်အခွန်ဦးစီးမှူး စိုးမိုးမြင့်တို့က ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံ မှတ်ပုံတင်စနစ်ဆိုင်ရာနှင့်ပတ်သက်၍ ပြည်သူများအား ပိုမိုသိရှိစေရန် အသိပညာပေးဟောပြောသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ ၂၀၂၆ခုနှစ် ဘာသာသာသနာထူးချွန်မှု ဂုဏ်ထူးဆောင်ဆုရရှိသော ဆရာတော်အရှင်သူမြတ်နှစ်ပါးအား ပုနဂုဏဝိသိဋ္ဌမင်္ဂလာ ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပ

ကျိုက်ထို မတ် ၂၀

မွန်ပြည်နယ် အစိုးရအဖွဲ့က ဆက်ကပ်လှူဒါန်း ချီးမြှင့်လိုက်သည့် ၂၀၂၆ ခုနှစ် ဘာသာသာသနာထူးချွန်မှု ဂုဏ်ထူးဆောင်ဆုရရှိသော ဆရာတော်အရှင်သူမြတ်နှစ်ပါးအား ပုနဂုဏဝိသိဋ္ဌမင်္ဂလာ ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆုတောင်းပြည့်ရွှေဘုံသာ ဘုရားဝင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။



**ချီးမြှင့်တော်မူ**

ဦးစွာ ဗောဓိကိုးထောင် အောင်သပြေ ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်၊ အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူခဲ့သည်။

ယင်းနောက် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်၊ အရှင်သူမြတ်များထံ ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် နဝကမ္မ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဘွဲ့တံဆိပ်တော်ရ အပူဇော်ခံဆရာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျုံပျော်မြို့နယ်၌ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲပြုလုပ်

ကျုံပျော် မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တေဇရပ်ကွက် မစိုးရိမ်ကျောင်းတိုက်ရှိ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တစန္ဒာဝရအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်ရှိ မင်္ဂလာမဏ္ဍပ်၌ ပြုလုပ်သည်။

ဦးစွာ သံဃာတော်များအား မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်တော်မူကြပြီး တေးသံရှင် မခြူးခြူးက အနန္တငါးဖြာသီချင်းဖြင့် ဂုဏ်ပြုပူဇော်ခဲ့သည်။ ထို့နောက် နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားသည်။

ယင်းနောက် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်အား ဆရာတော် ဘဒ္ဒန္တစန္ဒာဝရထံသို့ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များက သံဃာတော်နှင့် သီလရှင်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာစံကွက်ရိတ်သိမ်းပွဲကျင်းပ

ကန်ကြီးထောင့် မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာစံကွက်ရိတ်သိမ်းပွဲကို မတ် ၁၉ ရက် နံနက်ပိုင်းက ကွင်းယားကြီးကျေးရွာတွင် ကျင်းပသည်။

အဆိုပါ ဆီထွက်သီးနှံ ဆောင်းနေကြာ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများက ကွင်းယားကြီးကျေးရွာရှိ တောင်သူ ဦးဆန်းဦး၏ လယ် ၁၀ ဧက၌ ဆီထွက်သီးနှံ ဆောင်းနေကြာ(Super Sun 41)အား စံကွက်ရိတ်သိမ်းခဲ့ကြရာ တစ်ဧကလျှင် အစိုအထွက်နှုန်း ၅၃ ဒသမ ၅၂ တင်း၊ အခြောက်အထွက်နှုန်း ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။



ကျော်ဇင်စိုး (ပြန်/ဆက်)

## လွိုင်လင်မြို့၌ လူကုန်ကူးမှုနှင့်ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အသိပညာပေးဟောပြော

လွိုင်လင် မတ် ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် မြို့လယ်ကျောင်းတိုက် ဓမ္မာရုံ၌ မတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် လူကုန်ကူးမှုနှင့်ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(လွိုင်လင်)မှ ရဲအုပ်ဝေဖြိုးမောင်က လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ဒေါ်ခင်လေးဖြူက ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(လွိုင်လင်)မှ ဒုတိယရဲအုပ် မြန္မယ်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေများအကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

အယ်မင်း(လွိုင်လင်)



## (၁၁) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် မတ် ၂၀

ထိုင်းတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားများအသင်း AMAUT (Association of Myanmar Alumni from Universities in Thailand) က ကြီးမှူးကျင်းပသည့် (၁၁) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ 11th Thailand Education Fair (Myanmar)ကို ဧပြီ ၄ ရက်(စနေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် Grand Ballroom တွင် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပညာရေးပြပွဲတွင် ထိုင်းနိုင်ငံမှ နိုင်ငံတကာအဆင့်မီ နာမည်ကျော်တက္ကသိုလ် ၂၂ ခုက ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက် တည်းရယူနိုင်မည်ဖြစ်သည်။

အဆိုပါ ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ Silpakorn University International College (SUIC) ၊ BBA International Program (Thammasat Business School / Thammasat University)၊ North–Chiang Mai University၊ Southeast Bangkok University ၊ National Institute of Development Administration ၊ Dusit Thani College၊ Kasem Bundit University၊ University of Thai Chamber of Commerce (UTCC)၊ Assumption University၊ London University of Bangkok၊ Bridge International Bangkok၊ Asia Institute of Technology (AIT))၊ PAYAP University၊ Thai Global Business College (TGBC)၊ Mahidol University International College (MUIC)၊ Prince of Songkla University (PSU)၊ Prince of Songkla University (PSU), Faculty of Medicine ၊ Prince of Songkla University (PSU), Phuket Campus၊ MUT INTERNATIONAL COLLEGE , King Mongkut's University of Technology North Bangkok (KMUTNB), Chulalongkorn University , Krirk University စသည့် တက္ကသိုလ်များက တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်ပေးမည်ဖြစ်သည်။

ယင်းပညာရေးပြပွဲတွင် အပြည့်အဝ ပညာသင်ဆုများအပြင် တစ်စိတ်တစ်ပိုင်း ထောက်ပံ့ကြေးများကိုပါ တစ်နေရာတည်းတွင် မေးမြန်းစုံစမ်းနိုင်မည်ဖြစ်ပြီး တက္ကသိုလ် Admission Officers များ၊ Professor များနှင့် တိုက်ရိုက်မျက်နှာချင်းဆိုင် တွေ့ဆုံကာ ဘာသာရပ်ရွေးချယ်မှု၊ ကျောင်းဝင်ခွင့်လိုအပ်ချက်များကို မေးမြန်းနိုင်ခြင်း၊ Business၊ Engineering ၊ Medical Sciences၊ IT၊ Hospitality နှင့် အခြားသော ခေတ်မီဘာသာရပ်ပေါင်းစုံကို စိတ်ကြိုက်ရွေးချယ်နိုင်ခြင်း၊ ကျောင်းလခ၊ နယ်မြေအခြေအနေ၊ အင်္ဂလိပ်စာလိုအပ်ချက်နှင့် ဘွဲ့ရပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများကို အသေးစိတ် သိရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကွန်ရက်များချိတ်ဆက်နိုင်မည့် ပညာရေးပြပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး ယင်းပညာရေးပြပွဲနေ့၏ မွန်းလွဲပိုင်းPanel Discussion တွင်လည်း ထိုင်းတက္ကသိုလ်မှ ဘွဲ့ရထားသည့် Alumni များဆီမှ တန်ဖိုးရှိသည့် အတွေ့အကြုံများအား မျှဝေသွားမည်ဖြစ်ကြောင်း သိရကာ https://forms.gle/GUdGm8vJV1rdEAma7 သို့ အခမဲ့စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

■

**❖ အာဖဂန်မှ**

အဲဒီပွဲဟာ ၂၀၂၅ ခုနှစ် နိုဝင်ဘာကတည်းက ကစားရမှာဖြစ်ပေမယ့် အာဖဂန်နစ္စတန်အသင်းရဲ့ အိမ်ကွင်းအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပြီး မတ် ၂၆ ရက် ကာတာနိုင်ငံမှာ ပြန်ကစားဖို့ စီစဉ်ထားတာပါ။ ဒါပေမဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အမေရိကန်/အစ္စရေး–အီရန် စစ်ပွဲကြောင့် ကွင်းပြောင်းလဲရတာဖြစ်ပြီး မြန်မာအသင်းရဲ့ အိမ်ကွင်းမှာပဲ ကစားဖို့ နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် သဘောတူညီခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာအသင်းဟာ အာဖဂန်နစ္စတန်အသင်းနဲ့ နှစ်ကျော့စလုံးကို အိမ်ကွင်းကစားရမှာဖြစ်ပြီး မတ် ၃၁ ရက်ကစားရမယ့် ပါကစ္စတန်နဲ့ပွဲကိုတော့ ပါကစ္စတန်နိုင်ငံမှာပဲ ကစားရမှာဖြစ်ပါတယ်။

ကိုညီလေး

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## လမ်းမတော်မြို့နယ်၌ CEIR စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (Central Equipment Indentity Register-CEIR) အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အလက(၁) ကျောင်း မြမာလာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်က ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ် (CEIR)အကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် အခမ်းအနား တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ် အခွန်ဦးစီးဌာနမှူးက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## သထုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကျင်းပ

**သထုံ မတ် ၂၀**

မွန်ပြည်နယ် သထုံခရိုင်၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သထုံမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အသိပညာပေး ရုပ်/သံ မှတ်တမ်းကို ပြသပြီး ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ခန်းမအတွင်း ခင်းကျင်း ပြသထားသည့် သစ်တောများ ပြုစုထိန်းသိမ်းရေး သိမှတ်ဖွယ်ရာ ပြခန်းပိုစတာတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရေး မတ် ၂၀**

မတ် ၂၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်အခမ်းအနားကို ရေးမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က "အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့" အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် သစ်တော၊ သစ်ပင်နှင့် ဂေဟစနစ်မျိုးစုံ အရေးပါမှုများ၊ သစ်တော၊ သစ်ပင်များသည် သက်ရှိသတ္တဝါနှင့်ပတ်ဝန်းကျင်အတွက် မရှိမဖြစ်အရေးပါသောကြောင့် နိုင်ငံ့အကျိုးစီးပွား၊ လူမှုစီးပွားဘဝဖွံ့ဖြိုးစေရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက်၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသပေးထားရာ အခမ်းအနား တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**


သင့်သွေးဖြင့်

အသက်

ကယ်ပါ



**မညွန့်**

**အိမ်၊ခြံ၊မြေရောင်းဝယ်ရေး**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။

**Ph:09-250370756**



**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၂-၂၀၂၆ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁)ဒေါ်တူးတူး(ခ) ဒေါ်နုနုရီ+၂၏ဂရန်သက်တမ်းတိုးတွင်မြေကွက်လိပ်စာ-၇၈+၇၈/B၊ (၁၂၅)လမ်း၊သပြေကုန်းရပ်ကွက်ဟု အမှန်ဖတ်ရှုပါရန်။



**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၁၂-၂၀၂၅ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၉)ဒေါ်မို့မို့ဝင်း၏ဂရန်ခွဲတွင်မှတ်ပုံတင်အမှတ် (၅/ကဘလ(နိုင်)၁၁၃၀၅၁)ဟုအမှန်ဖတ်ရှုပါရန်။


## လှိုင်းဘွဲမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်



**ဘားအံ မတ် ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် တောမီးနှင့် အခြားမီးများကြောင့် လောင်ကျွမ်းမှုအရေအတွက်များနေခြင်းကို လျှော့ချနိုင်ရေးအတွက် ခရိုင်အဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး လုပ်ငန်းအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲမြို့နယ် အောင်ဆန်းခန်းမ၌ အသိပညာပေး ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လယ်ယာရိုးပြတ်တောများ မီးရှို့မှု မရှိစေရေး၊ တောင်ယာခုတ်ထွင် မီးရှို့ခြင်းများမရှိစေရေး၊ တောမီးနှင့် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှု Hotspots အရေအတွက်များပြားနေခြင်းတို့ကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်ရေးအတွက် အသိပညာပေးဆွေးနွေးဟောပြောခြင်း၊ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဗီဒီယို ပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၀/စီ)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၁.၄၀၆)ဧက၊ မြေပိုင်မြေအမျိုးအစား၊ ၃(ခ)ရပြီး၊ အမည်ပေါက် ဦးဘရီ၏မြေကွက်မှ မြေအကျယ်အဝန်း (အလျား၄၆ပေx အနံ(၃၅)ပေရှိ မြေကွက်ပေါ်တွင် အကျယ်အဝန်း(အလျား၂၀ ပေxအနံ၃၅ပေ) (၂)ခန်းတွဲ၊ (၅)ထပ်တိုက်၏ အမှတ်(၃၀၄)(၃/A)၊ ဒုတိယထပ်၊ ခေါင်းရင်းခြမ်း၊ ၂ခန်းတွဲ ၃လွှာရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဒေါ်စန်းစန်းဝင်း [၁၂/မရက(နိုင်)၀၁၂၃၅၈၆]မှ မိမိသာလျှင် လက်ဝယ် ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား မိမိ ဒေါ်ငွေခင်[၄/ကပလ(နိုင်)၀၁၂၃၉၃]မှ အပြီးအပိုင် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆/ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**


## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှု နည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀**

ဦးမြစိုး နှင့် ဦးဝင်းတင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ (၃/၁) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၆၄/ခ)နေ ဦးဝင်းတင် (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြည့်ပြည့်ဖြိုးငြိမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်(၁၅၁)၊ မြေကွက်အမှတ်(၂၀၆၀)ဟုခေါ်တွင်သော ဦးသိန်းညွန့် (ဘ) ဦးငြိမ်း (CE-077082) အမည်ပေါက်(၄၀x၆၀)ပေကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဌေး (ဘ) ဦးဝင်းမိုလ် [၈/ခမန(နိုင်)၁၈၁၁၂၆] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP] ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**

**အထက်တန်းရှေ့နေ(စဉ်–၄၇၄၅၉) အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)**

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**

**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(က+ခ)ရုံ၊ ရုံအမှတ်(ခ/အပြင်)၊ ဆိုင်အမှတ်(၃၆၁)၊ ဒေါ်လျှောင်ကီလွမ်း [၁၂/ပဇတ(နိုင်)၀၁၁၅၂၆]အမည်မှ ဦးသန်းဌေး [၁၂/လသန(နိုင်)၀၀၈၄၇၀]သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် သက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၄**

ဒေါ်ထွေးထွေးခိုင် နှင့် ဒေါ်ခင်မိုးအေး

**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်–၄၀၃ နေ ဒေါ်ခင်မိုးအေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုက **“ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၅**

ဒေါ်မိုးသူဇာ နှင့် ဦးမောင်မောင်(ခ)ရဲမြင့်ထွန်း

**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်– ၆၁၀ နေ ဦးမောင်မောင်(ခ)ရဲမြင့်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုက **“ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဓမ္မသုခမဟာစည် သင်္ကြန်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း **ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ**–တွင် **ချောင်းဦးဆရာတော် ဒေါက်တာ ကိတ္တိသာရ** မှ ဦးဆောင်၍ **သင်္ကြန်(၇)ရက် တရားစခန်းပွဲကို (11–4–2026 )ရက်နေ့မှ (17–4–2026) ရက်နေ့အထိ** ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း–၀၉–၄၄၅၀၀၅၁၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ စလစ်မြေကွက်အမှတ်(L-67)၊ဗဟို(၃၂)လမ်း၊ အလျားအနံပေ(၄၀)xပေ(၆၀)မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုပြောဆိုသူ ဦးသိန်းတန် [၁၀/သဖရ(နိုင်)၀၆၈၁၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးဥမ္မာ [၁၂/သလန(နိုင်)၀၇၄၅၀၈] က ဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့် နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသန်းထွန်းလွင်(သန်လျင်)**

**အထက်တန်းရှေ့နေ (စဉ်–၁၇၅၆၉/၁၉၈၉)**

**ဖုန်း – ၀၉–၅၁၀၇၀၈၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၅**

ဒေါ်ထွေးထွေးခိုင် နှင့် ဦးမြသန်း

**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်–၇၁၅ နေ ဦးမြသန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **“ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၆**

ဒေါ်ထားထားနွယ် နှင့် ၁။ ဦးကိုကိုကြီး
၂။ ဒေါ်ဝေဝေလွင်

**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရှာသာရုံလမ်း၊ အမှတ်–၂၈၅ နေ ဦးကိုကိုကြီးနှင့် ဒေါ်ဝေဝေလွင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။**

သင်တို့အပေါ်၌တရားလိုက **“ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ(၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ အမှတ်(၂၆၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(၂-လွှာ)၊ မျက်နှာမူလျှင်(လက်ယာဘက်အခြမ်း)တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့အား(၁၃–၂–၂၀၂၃)ရက်စွဲပါကတိစာချုပ်နှင့် ဆက်စပ်စာချုပ်များအရတရားဝင်ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်ပန်းအိဖြူ (၇/ပမန (နိုင်) ၁၃၃၈၅၆)**ထံမှ ကျွန်ုမကဝယ်ယူရန် (၁၉–၃–၂၀၂၆)ရက်စွဲပါကတိစာချုပ်ဖြင့် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုမထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်မျိုး (၁၄/ပသန (နိုင်) ၁၆၈၁၆၈)**

**အမှတ် (အေ–၁၈)၊ သံလွင်လမ်း၊ မေခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ – ၇၈၅၅၅၀၂၆၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၄/၈၆)၊ မြေအကျယ်အဝန်း (၁၆ ပေ x ၆၆ ပေ)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးငယ်ငယ် [၁၃/တကန(နိုင်)၁၃၁၄၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ဖြူဝင်းလှိုင် [၁၃/ကခန(နိုင်)၁၁၇၂၈၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေနှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်ထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ မြေနှင့်အိမ်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ဖြူဝင်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဖြိုးဝေဦး(LL.B)အထက်တန်းရှေ့နေ (စဉ် – ၅၃၁၂၉)**

**အမှတ်(၂၄၂)၊ ဒုတိယထပ်၊ စက်ရုံလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း – ၀၉–၂၆၃၇၃၇၄၉၈၊ ၀၉–၉၈၄၅၆၉၃၄၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၇၅၄)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဒေါ်တင်ရီ[၁၂/ဥကတ(နိုင်)၁၂၃၄၇၃]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ **ဦးမျိုးသက်[၁၂/သဃက(နိုင်)၀၃၉၂၇၂]** သည် “နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်” ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B) ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B) ဒေါ်ပန်းသဇင်ကျော်(LL.B)**

**(စဉ်–၁၁၄၀၆) (စဉ်–၅၆၆၆၂) (စဉ်–၅၆၈၂၃)**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း – ၀၉ – ၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၃)၊ ထ/၁၆ – ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၁၆၉၄)၊ ပါမစ်မြေ အမျိုးအစားဖြစ်သော အကျယ်အဝန်း(ပေ ၄၀ x ပေ ၆၀) ရှိသည့်အနက် တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း) (ပေ ၂၀ x ပေ ၆၀) မြေကွက်နှင့် ၎င်းမြေပေါ်ရှိ သီးပင်စားပင်တို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးရန်နိုင်အောင် [၁၂/အစန(နိုင်)၀၀၆၉၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်မင်းထက် [၁၂/ထတပ(နိုင်)၁၀၈၇၃၁]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇင်လင်းထွေး (LL.B) အထက်တန်းရှေ့နေ (စဉ် – ၃၈၂၃၈)**

**ရုံး–ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း – ၀၉–၄၂၀၁၀၇၅၈၄**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၃၊ သရေခေတ္တရာလမ်း၊ မြေကွက်အမှတ်–၂၃၆(ခ)၊ (အလျား၂၀ပေ x အနံ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ကျင်စိန် (WKA–၀၀၂၉၂၃) အမည်ပေါက် ပါမစ်မူရင်းမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်သန်းဌေး (WKA–၀၀၂၉၂၅)မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးအေးမော် (LL.B) (DBL) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၇၄)**

**အမှတ်–၉၁၆၊ ပုလဲရွှေဝါ(၂)လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း–၀၉–၄၂၃၇၂၆၈၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၂၈–လမ်း(အထက်)၊ အမှတ်(၂၀၅)၊ ၃–လွှာ (တိုက်ရှေ့မျက်နှာမူလျှင် ညာဘက်)၊ (၂၀ ပေx ၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ နေထိုင်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်စုစန္ဒီကျော် [၁၂/ဒဂန(နိုင်)၀၃၁၇၇၄]သည် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ကိုယ်တိုင်စီမံခန့်ခွဲကာ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းအားဖြင့် လွှဲပြောင်းထားခြင်း အလျဉ်းမရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လွဲ့လွဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၅၄၃)**

**တိုက်အမှတ်–၉/၁၁၊ ၃/ခ၊ မြေညီ၊ ၃၆–လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၅၄၂၂၃၇၁**

ကမ္ဘာရေးရာ Global Affairs
အမှတ် (၃၆) (ဖေဖော်ဝါရီ၊ ၂၀၂၆)
ထွက်ပြီ




"ကမ္ဘာ့လွှမ်းမိုးချုပ်ကိုင်မှု၏ အလှည့်အပြောင်းများနှင့် ကမ္ဘာ့အစီအစဉ်၏ အနာဂတ်"

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ကမ္ဘာရေးရာ အမှတ်စဉ်-၃၆ တွင်

- ၂၀၂၆ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် ပြောင်းလဲနေသော ကမ္ဘာ့အစီအစဉ်
- မရေရာသော ကမ္ဘာ့အနာဂတ်နှင့် အမေရိကန်၏ လမ်းစဉ်သစ်
- ကမ္ဘာ့လွှမ်းမိုးချုပ်ကိုင်မှု၏ အလှည့်အပြောင်းများ
- နိုင်ငံ့ဂုဏ်သိက္ခာအတွက် ဆင်နွှဲနေရသည့် စစ်ပွဲ
- အနောက်ကမ္ဘာအတွက် အမေရိကန်၏ ခေါင်းလောင်းသံ
- လစ်ဘရယ်အစီအစဉ်အလွန် ကမ္ဘာ
- အမေရိကန်၏ ဗင်နီဇွဲလား ရေနံကစားကွက်

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ တိုက်အမှတ်(၂၇)၊ (၇)လွှာ(ခြေရင်းခန်း)၊ ဧရိယာအလျား(၁၂ ၁/၂)ပေx အနံ (၅၀)ပေရှိ တိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှလှဝင်း(ကွယ်လွန်)နှင့် ဒေါ်မြမြဝင်း(ကွယ်လွန်)၏သား/ သမီးများဖြစ်ကြသော (ဦးသက်ဦး၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်မော်မော်ဝင်း၊ မသူဇာဝင်း၊ မောင်အောင်ကျော်ဖြိုး၊ မဖြိုးသီရိကျော်) တို့ထံမှနေ၍ အားမီမှ ရောင်းဖိုးငွေသိန်း ၉၅၀၀၀၀၀၀/-(ကျပ်သိန်းကိုးရာ့ငါးဆယ်တိတိ)အနက်မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ**
**အထက်တန်းရှေ့နေ(စဉ်-၅၇၀၄၇)**
**အမှတ်(၁၉/၁/၂၃)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။ 09-254526062**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၆၅+၈၀)အတွင်းမှ (၆၅+၈၀)ခဲစင်း၊ ၅၇x၅၈ကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ကိုင်ဂျာ၊ ဦးဆန်ထွယ်အောင်တို့ (၂) ဦးအနက် ဒေါ်ကိုင်ဂျာထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၈၈၀/၂၀၂၃)ဖြင့် လက်ခံခဲ့သူ ဦးဆန်ထွယ်အောင် [၁/မကတ(နိုင်) ၀၇၅၇၉၅] က အမှုတွဲအမှတ်(၅၇၉၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၃/၁)၊ ဦးပိုင်အမှတ်(၆၅+၆၆)၊ ၅၈လမ်းနှင့် ၃၆ (B)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးဝင်းအောင်၊ ဒေါ်မြင့်မြင့်တင်တို့ (၂) ဦးအနက် ဒေါ်မြင့်မြင့်တင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးဝင်းအောင်၏ (SP ရရှိသူ ဦးဝမ်ချောက်ကျဲ) ထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၃၅၂၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သွယ်သွယ်လင်း [၁၃/လရန(နိုင်)၁၁၉၉၇၆]က အမှုတွဲအမှတ် (၅၇၈၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၆၅+၈၀)အတွင်းမှ (၆၅)ခဲစင်း၊ ၅၇x၅၈ကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်ကိုင်ဂျာ၊ ဦးဆန်ထွယ်အောင်တို့ (၂) ဦးအနက် ဦးဆန်ထွယ်အောင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၈၈၁/၂၀၂၃)ဖြင့် လက်ခံခဲ့သူ ဒေါ်ကိုင်ဂျာ[၁/မကတ(နိုင်) ၀၂၉၄၉၇] က အမှုတွဲအမှတ် (၅၇၉၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁၀)၊ ဦးပိုင်အမှတ်(၇၆)ခဲစင်း၊ ၂၂x၂၃ကြား၊ ရေနီမြောင်းလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင်ထံမှ အပေးစာချုပ်အမှတ်(၂၃၁၄/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးကျော်ဘိုဘိုမောင်[၉/မရတ(နိုင်)၁၂၆၈၈၂]က အမှုတွဲအမှတ်(၅၇၈၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၅၅)၊ ၄၉လမ်းနှင့် ၁၀၆(စီ) လမ်းထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်သားမြင့်ဦး [၉/မနမ (နိုင်)၀၉၀၂၉၇]၏ (SP ရရှိသူ ဒေါ်ဟွမ်ရှင်းလွန်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၇၈၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာစီမံကိန်းရှိ အောက်ဖော်ပြပါ မြေကွက်များအား မြေငှားစာချုပ် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -**

| စဉ် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | စီမံကိန်း | မြို့နယ် | မြေတိုင်း | မြေကွက် |
|---|---|---|---|---|---|---|
| ၁ | ဦးစရောဝန်(ခ)အေးမောင် ၊ ဦးရန်နိုင်အေး | [၉/မမန(နိုင်)၀၂၄၉၇၂]၊[၉/ပဥလ(နိုင်)၀၀၀၀၈၈] | City Villa (Phase X) | သန်လျင် | ၁/ဘီ | ၁၅ |
| ၂ | ဦးတင်ညိမ်း ၊ ဒေါ်မြသန္တာ | [၂/လကန(နိုင်)၀၂၇၂၉၂] ၊[၂/လကန(နိုင်)၀၂၇၂၇၁] | City Villa (Phase X) | သန်လျင် | ၁/ဘီ | ၂၁ |
| ၃ | ဦးလီကော်ချန်း | [၁၃/မယန(နိုင်)၀၄၇၈၈၂] | City Villa (Phase X) | သန်လျင် | ၁/ဘီ | ၆၀ |
| ၄ | ဒေါ်အေးဝတ်ရည်စိုး | [၆/ထဝန(နိုင်)၀၈၇၁၁၀] | City Villa (Phase X) | သန်လျင် | ၁/ဘီ | ၆၆ |
| ၅ | ဒေါ်နီနီဝင်းမောင် | [၁၃/လရန(နိုင်)၁၇၀၉၃၅] | City Villa (Phase X) | သန်လျင် | ၁/ဘီ | ၆၈ |
| ၆ | ဦးကျော်ကျော်အောင်၊ ဦးပိုင်စိုးအောင် | [၁၂/ပဇတ(နိုင်)၀၃၂၁၅၇]၊ [၁၂/ပဇတ(နိုင်)၀၃၂၁၅၆] | City Villa | သန်လျင် | ၁/ဘီ | ၄A^၁/၁၆ |
| ၇ | ဦးစိုင်းမျိုးသန့် | [၁၃/နမတ(နိုင်)၀၃၃၈၉၂] | City Villa | သန်လျင် | ၁/ဘီ | ၄A^၁/၁၇ |
| ၈ | ဦးဝဏ္ဏထွန်း၊ ဒေါ်ဝင်းယုဟန် | [၁၂/ကမတ(နိုင်)၀၄၉၈၉၇]၊ [၁၂/ဥကတ(နိုင်)၀၄၃၃၄၇] | City Villa | သန်လျင် | ၁/ဘီ | ၄A^၁/၁၉ |
| ၉ | ဒေါ်ညွန့်ညွန့်မွေး | [၁၃/ပလန(နိုင်)၀၀၃၃၈၈] | City Villa | သန်လျင် | ၁/ဘီ | ၄A^၁ /၃၀ |
| ၁၀ | ဒေါ်ဖြူနှင်းဦး | [၁၂/လမတ(နိုင်)၀၃၄၃၆၉] | City Villa | သန်လျင် | ၁/ဘီ | ၄A^၁/၅၃ |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်**

**လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာစီမံကိန်းရှိ အောက်ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-**

| စဉ် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | မြေတိုင်း | မြေကွက် |
|---|---|---|---|---|---|
| ၁ | ဒေါ်အင်ကြင်းလွင် | [၁၂/မရက(နိုင်)၁၃၆၂၃၀] | လှိုင်သာယာ | ၁၂ | ၁၉၃/၆၆-၄၀F |
| ၂ | ဦးရဲမြတ်သူ (ခ) ရဲသီဟသန့်၊ ဒေါ်အေးမြတ်မော် | [၁၂/လသန(နိုင်)၀၂၀၆၆၇]၊ [၁၂/ရကန(နိုင်)၀၇၃၂၂၄] | လှိုင်သာယာ | ၁၂ | ၁၉၃/၆၆-၄၅ |
| ၃ | ဦးရန်ကွယ်ဖန် (ခ) ရန်နေလင်း | [၁၃/မဆတ(နိုင်)၀၃၁၉၈၆] | လှိုင်သာယာ | ၁၂ | ၁၉၃/၆၆-၄၇ |
| ၄ | ဦးဇော်ဝင်းထွန်း၊ ဒေါ်စန္ဒာဝင်း | [၃/ကကရ(နိုင်)၀၆၉၅၂၃]၊ [၁၂/လသန(နိုင်)၀၀၆၈၄၅] | လှိုင်သာယာ | ၁၂ | ၁၉၃/၆၆-၆၉ |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီ စားအုန်းဆီအိမ်တိုင်ရာရောက် ရောင်းချဖြန့်ဖြူးမည့် အစီအစဉ်ပြင်ဆင်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်သို့ စားအုန်းဆီများကို မိသားစုတစ်စု တစ်လစာ ရရှိနိုင်ရန်နှင့် လျှင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက်ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ အိမ်ထောင်စုတစ်စုကို တစ်လအတွက် တစ်ကြိမ်လျှင် ၂ပိဿာ ၅၀ကျပ်သားနှုန်း (၅လီတာဘူး)ဖြင့် ဝယ်ယူနိုင်ရေးကို ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားပါသည်။

အိမ်ထောင်စုတစ်စုလျှင် တစ်လ ၂ပိဿာ ၅၀ကျပ်သားနှုန်း (၅လီတာဘူး)ဖြင့် ဝယ်ယူရရှိနိုင်ရန် ခရိုင်(၁၄)ခု၊ မြို့နယ်(၄၄)မြို့နယ်တွင် ခရိုင်အလိုက် Call Center များထားရှိပြီး မှာကြားချက်များကို လက်ခံမှတ်သားသွားမည်ဖြစ်ပါသည်။ ယခု လက်ရှိတွင် စနေနေ့၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များမပါ တစ်ပတ်လျှင် ငါးရက်အမှာစာများ လက်ခံလျက်ရှိပါသည်။၂၀၂၆ ခုနှစ်၊ ဧပြီလတွင် သင်္ကြန်ရုံးပိတ်ရက်များ များပြား၍ ဝယ်ယူရာတွင် ခက်ခဲမှုမရှိစေရန် ရည်ရွယ်ပြီး ၂၁-၃-၂၀၂၆ မှစ၍ နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) တစ်ပတ်လျှင် ၆ရက် မှာယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပစ္စည်းရောက်ငွေချေစနစ် ဖြင့်သာရောင်းချသွားမည် ဖြစ်ပါသည်။ ဆီဖိုးကို ကြိုတင်ပေးချေရန် မလိုပါ။**

**မှတ်ချက် ။ ။ ၂၀၂၆ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှ ၁၉ရက်နေ့ အထိ သင်္ကြန်ရုံးပိတ်ရက်များတွင် အမှာစာလက်ခံခြင်းမရှိပါ။**

**ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီ**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း(၁)၊ မြလေးလမ်း၊ မြေကွက်အမှတ်(၂၁၀) ဟုခေါ်တွင်သော ဒေါ်အရှာဘီ နှစ်(၆၀)ဂရန်အမည်ပေါက် မြေကွက်အတွင်းမှ(၁၀'x၆၀')အကျယ်အဝန်းရှိ နေအိမ်နှင့်မြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်ထွန်းလွင်[၁၂/သဃက(နိုင်)၁၀၈၁၁၀]၏ ဖခင်ဖြစ်သူ ဦးသောင်းငွေ(ကွယ်လွန်သူ)မှ ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါလိပ်စာရှိ(၁၀'x၆၀')နေအိမ်မြေကွက်သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူနှင့် အမွေသက်ဆိုင်မှုရှိသည့်အတွက် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သက်(LL.B)** | **ဒေါ်ဆွေဇင်မိုး (LL.B)** |
| **(စဉ်-၉၂၇၈/၂၀၁၃)** | **(စဉ်-၉၃၀၀/၂၀၁၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်-၉/၁၁၊ ပ -ထပ်၊ အခန်း-၁၀၃(H)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ် ၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၁၀၄၃၊ ၀၉-၄၄၃၁၁၂၉၁၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄)၊ ဦးပိုင်အမှတ် (၂၉)၊ ၂၈ (A)လမ်း၊ ၇၁x၇၂လမ်းကြားရှိ ဒေါ်ချစ်တင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၁၇၄/၂၀၂၆)ဖြင့်အမွေဆက်ခံခဲ့သော ဒေါ်ခင်ခင်မာ[၉/မရမ(နိုင်)၀၀၈၅၉၈]၊ ဒေါ်တင်တင်ဝင်း [၉/မရမ(နိုင်)၀၀၈၆၀၁]၊ ဒေါ်အေးအေးမာ[၉/မရမ(နိုင်)၀၀၈၆၀၀]၊ ဒေါ်ဆွေဆွေမာ[၉/မရမ(နိုင်)၀၀၈၅၆၁]၊ ဒေါ်မြင့်မြင့်မာ[၉/မရမ(နိုင်)၀၀၈၅၉၉] တို့က အမှုတွဲအမှတ်(၀၆၂၂/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၁)၊ ဦးပိုင်အမှတ်(၇၉)၊ ၅၃x၅၄လမ်းကြား၊ ၁၁၅x၁၁၆လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၄၄၉၈/၉၂-၉၃)အရ ဦးပေါကြန်မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်)၀၁၁၆၁၆]အမည်ပေါက်သို့ မြေရာဇဝင် ၁-ကမှတ်တမ်းတွင်အတည်ပြုမှတ်သားပေးပါရန်။ ဦးသန်းရွှေ(ခ) ပေါကျန် (ခ)ပေါကြန် မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်) ၀၁၁၆၁၆] မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၅)၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ၁၀၉x၁၁၀လမ်းကြား၊ ၆၁x၆၂ လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ်(၂၁၄၆/၂၀၁၀-၂၀၁၁)အရ ဦးဇော်ချိုတူး မှတ်ပုံတင်အမှတ် [၈/ရစက(နိုင်)၀၀၇၂၆၁]၊ ဒေါ်ခင်လေး မှတ်ပုံတင်အမှတ်[၅/ကဘလ(နိုင်)၀၅၁၉၅၂] အမည်ပေါက်သို့မြေရာဇဝင်၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးဇော်ချိုတူး မှတ်ပုံတင်အမှတ် [၈/ရစက(နိုင်)၀၀၇၂၆၁]၊ ဒေါ်ခင်လေး မှတ်ပုံတင်အမှတ်[၅/ကဘလ(နိုင်)၀၅၁၉၅၂]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၈၃)၊ ၁၁၃လမ်း၊ ၄၉x၅၀ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင် [၁၂/စခန(နိုင်)၀၀၇၂၈၅]၏ (GP ရရှိသူ ဦးကျော်လှိုင်)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၈၀၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၁၆)၊ ဦးပိုင်အမှတ်(၅-ထ)၊ ၄၀x၄၁ကြား၊ ၈၁x၈၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်စမ်းစမ်းဝါ [၉/မရတ(နိုင်)၀၃၇၃၀၁]က အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ် (ဃ-၁)၊ ဦးပိုင်အမှတ်(၁၅၈)ခဲစင်းရှေ့ခြမ်း၊ နောက်ခြမ်း၊ ၁၁၁လမ်း၊ ၆၄x၆၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီဌေး [၉/မမန(နိုင်)၀၈၇၂၈၉]က ဂရန်စာချုပ်တင်ပြ၍ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ ဘာသာစကားတစ်ခု၏တန်ဖိုးကို မိမိမွေးရပ်ဇာတိတိုင်းပြည်မဟုတ်သည့် နိုင်ငံရပ်ခြားဒေသတစ်ခုသို့ ရောက်ရှိချိန်မှ ပိုမိုနားလည်သိရှိတတ်ကြကြောင်း...

❖ ထိုအခါမှ မိမိတို့၏ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေသည် ပိုမိုလေးနက်သည်ကို သိရှိလာကြ...

❖ ဒီမြေမှာမွေး ဒီမြေမှာကြီးပြင်းသူတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်စာပေနှင့် ဘာသာစကားကို အလေး အနက်ထားကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူ ပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်ခွန်များပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) အား စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိုဘိုင်းလက်ကိုင်ဖုန်းများ၊ မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းလိုသည့် ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်ခွန်များကိုပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီမှ ထုတ်ပြန်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ မိုဘိုင်းလက်ကိုင်ဖုန်းများ၊ မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းအတွက် တရားဝင်သွင်းကုန်လိုင်စင် လျှောက်ထားရယူ၍ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

## အာဖဂန်နစ္စတန်-မြန်မာ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲကို သုဝဏ္ဏကွင်းမှာကျင်းပမယ်လို့ အာရှဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်

ရန်ကုန် မတ် ၂၀

အာရှဘောလုံးအဖွဲ့ချုပ်(AFC) ဟာ ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (E) ရွေ့ဆိုင်းပွဲစဉ်တစ်ပွဲဖြစ်တဲ့ အာဖဂန်နစ္စတန်အသင်းနဲ့ မြန်မာအသင်းပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းမှာ ကျင်းပမယ်လို့ အတည်ပြုထုတ်ပြန်လိုက်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး အတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၊ တော်ရွက်ရပ်ကွက်နှင့် စွမ်စော်ရပ်ကွက်များအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ အခြေပြုလုပ်ကိုင်လျက်ရှိကြောင်း ဒေသခံတာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာများသို့ သွားရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■

## မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၆၂ ဦးအား မြဝတီမြို့နယ် အမှတ်(၅) ရပ်ကွက် ကျွန်းတောလမ်းရှိ အထည်ချုပ်စက်ရုံဟောင်းအတွင်း ဖမ်းဆီးရမိ



မြဝတီမြို့နယ် အမှတ် (၅) ရပ်ကွက် ကျွန်းတောလမ်းရှိ အထည်ချုပ်စက်ရုံဟောင်းအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၂ ဦးကို ဖမ်းဆီးရမိစဉ်။

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်း

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**


**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၂၀ နှင့် အမျိုးသမီး တစ်ဦး၊ AA အဖွဲ့ဝင် အမျိုးသား တစ်ဦး ပေါင်း ၂၂ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်**

စာမျက်နှာ » ၁၃

**(၁၁) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်**

စာမျက်နှာ » ၁၈